NAMATI
INNOVATIONS IN LEGAL EMPOWERMENT



# မြန်မာနိုင်ငံရှိ ဥပဒေအထောက်အကူပြုများ၏ မြေပြင်အတွေ့အကြုံကို အခြေခံဖော်ထုတ်ထားသော မြေယာပြဿနာဖြေရှင်းနည်းများ

ဇွန်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | | |
| - | မြေသိမ်းဆည်းခြင်း၏အဓိပ္ပါယ်ဖွင့်ဆိုချက် | ၁ |
| - | မြန်မာနိုင်ငံ၏မြေယာမူဝါဒ | ၂ - ၃ |
| - | လက်ရှိအစိုးရမှ တရားဝင်ထုတ်ပြန်ထားသော မြေသိမ်းဆည်းမှုနှင့် ဆိုင်သည့်ကိန်းဂဏန်း ဖော်ပြချက်များ | ၄ - ၅ |
| အခန်း (၂) | | |
| - | မြန်မာနိုင်ငံတွင် မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်သည့် ကျင့်သုံးခဲ့သော ဥပဒေများနှင့် လက်ရှိကျင့်သုံးနေဆဲဥပဒေများ | ၇ |
| - | မြေသိမ်းဆည်းခြင်းလုပ်ငန်းအဆင့်ဆင့် | ၈ - ၁၀ |
| - | လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင် | ၁၁ |
| - | မြေအသုံးချဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီ | ၁၂ |
| - | သိမ်းဆည်းမြေများအပေါ်ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | |
| - | မြေယာသိမ်းဆည်းမှုများကိုဖြေရှင်းခဲ့သည့်စနစ်နှင့်ထပ်မံဖွဲ့စည်းသည့်အဖွဲ့အစည်းများ | ၁၃ |
| Δ | လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | |
| Δ | လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှထုတ်ပြန်သောမူဝါဒညွှန်ကြားချက်များ | ၁၄ |
| Δ | သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့များ | |
| - | မြေသိမ်းဆည်းမှုနှင့်ဆိုင်သည့် တောင်းဆိုမှုများနှင့်လက်ရှိအခြေအနေ | ၁၅ |
| - | စွန့်လွှတ်မြေများလက်ရောက်ပြန်လည်ရရှိနိုင်ရန် ကြန့်ကြာနေသည့်အချက်အလက်များ | ၁၆ - ၁၇ |
| အခန်း(၃) မြေသိမ်းဆည်းမှုပြဿနာများကို ဖြေရှင်းရာတွင် ရရှိနိုင်ဖွယ်ရှိသည့်ရလာဒ်များ | | |
| - | မူလမြေယာဆုံးရှုံးသူမှ ၎င်း၏မြေကိုပြန်လည်အသုံးချခွင့်ရရှိစေရန် လျှောက်ထားတောင်းဆိုခြင်း | ၁၈ |
| - | မြေပြန်လည်မရနိုင်သည့်အတွက် လျော်ကြေး၊ နစ်နာကြေးတောင်းခံခြင်း | |

- သီးခြားမြေတွင် အစားထိုးစိုက်ပျိုးခွင့်ရရှိရန် ပြန်လည်ပေးအပ်ခြင်း ၁၉
- တောင်သူများက လက်ရှိစိုက်ပျိုးထားပြီး သက်ဆိုင်ရာမြေအလိုက် ဥပဒေနှင့်အညီ ဆက်လက်
  လျှောက်ထားနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခြင်း ၂၀
- အချိန်ကာလတစ်ခုအကြာတွင် လျော်ကြေး၊ နစ်နာကြေးပေးအပ်ခြင်းမရှိပါက ဆုံးရှုံးသည့်မြေအတွက်
  သက်ဆိုင်ရာ ဥပဒေနှင့်အညီ ရပိုင်ခွင့်အရ တရားရုံးတွင်တရားစွဲဆိုတောင်းခံခြင်း ၂၁

အခန်း (၄) အမှုဖြစ်စဉ်အား စနစ်တကျလေ့လာခြင်းနှင့် အချက်အလက်စုဆောင်းခြင်း ၂၂ - ၂၃

၁။ မြေသိမ်းခံရသည့်နေရာတွင် အချက်အလက်ကောက်ယူခြင်း
- ∆ အထောက်အထားမရှိသူများနှင့် အထောက်အထားပျောက်ဆုံးနေသူများဖြစ်ပါက ၂၄
- ∆ ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများ

၂။ သက်ဆိုင်ရာမြေစာရင်းဦးစီးရုံးတွင် အသိမ်းခံရသည့်မြေ၏ရာဇဝင်၊ လက်ရှိအခြေအနေကိုစုံစမ်းခြင်း ၂၅
- ∆ ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများ

၃။ အမှုတည်ဆောက်ခြင်း ၂၆
- ∆ ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများ

၄။ သက်ဆိုင်ရာကော်မတီ၊ အစိုးရဌာနများသို့ တိုင်ကြားစာပို့ခြင်း
- ∆ ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများ ၂၇

အခန်း (၅) မြေသိမ်းဆည်းမှုများအား ဖြေရှင်းရာတွင် အသုံးချနိုင်သည့်နည်းလမ်းများ ၂၉
- လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့
  တိုင်စာပို့ကာ ဖြေရှင်းဆောင်ရွက်ခဲ့သည့်အမှု
- ∆ အမှုဖြစ်စဉ်အကျဉ်းချုပ်
- ∆ အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏လုပ်ဆောင်ချက်များ ၃၀
- ∆ ကြုံတွေ့ရသောအခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ ၃၃

- အခြားနည်းလမ်း (၁) လွှတ်တော်ကိုယ်စားလှယ်ဖြင့်တွေ့ဆုံတိုင်ပင်ကာ ကုစားသည့်နည်း ၃၄
Δ အမှုဖြစ်စဉ်အကျဉ်းချုပ်
Δ အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏လုပ်ဆောင်ချက်များ ၃၅
Δ ကြုံတွေ့ရသောအခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ ၃၆
- အခြားနည်းလမ်း (၂) မြေသိမ်းခံရသူနှင့်မြေသိမ်းသူအကြား တိုက်ရိုက်ဆွေးနွေးညှိနှိုင်း အဖြေရှာသည့်နည်းလမ်း ၃၇
Δ အမှုဖြစ်စဉ်အကျဉ်းချုပ်
Δ အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏လုပ်ဆောင်ချက်များ ၃၈
Δ ကြုံတွေ့ရသောအခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ
- အခြားနည်းလမ်း (၃) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ စာတင်ကာ ဝင်ရောက်စိုက်ပျိုးခြင်း ၃၉
Δ အမှုဖြစ်စဉ်အကျဉ်းချုပ် ၄၀
Δ အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏လုပ်ဆောင်ချက်များ
Δ ကြုံတွေ့ရသောအခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ ၄၂
- အခြားနည်းလမ်း (၄) တရားစွဲဆိုခြင်း ၄၃
Δ တရားစွဲဆိုမည်ဆိုပါက ပြုလုပ်ရမည့်လုပ်ငန်းအဆင့်ဆင့်
Δ တရားရုံး၏ဒီကရီအား အတည်ပြုပေးရန်အတွက် လျှောက်ထားရန် (တရားမ ဇာရီမှု) ၄၅
Δ ကြုံတွေ့ရသောအခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ
- မြေသိမ်းဆည်းမှုပြဿနာဖြေရှင်းရန်နည်းလမ်းများနှင့်ရရှိနိုင်သောရလဒ်များကိုချိတ်ဆက်ကြည့်ခြင်း ၄၆
- အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ ၄၇
အခန်း (၆) မြေသိမ်းမှုဖြေရှင်းမည့်သူများနှင့် ဥပဒေအထောက်အကူပြုများအတွက် လက်တွေ့အသုံးဝင်သော အကြံပြုချက်များ ၄၉
- မြေသိမ်းခံရသူများနှင့် ဆက်ဆံရာတွင် လုပ်ဆောင်ရမည့်အချက်များနှင့် ရှောင်ရှားရမည့်အချက်များ
- အစိုးရဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကော်မတီများနှင့်ဆက်ဆံဆောက်ရွက်ရာတွင် လုပ်ဆောင်ရမည့် အချက်များနှင့် ရှောင်ရှားရမည့်အချက်များ ၅၀

Namati Myanmar သည် မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများနှင့်ရပ်ကျေးလူထုများ ခံစားနေကြရသော တရားမျှတမှု ကင်းမဲ့သည့် မြေယာသိမ်းဆည်းမှုများကို ဥပဒေ အထောက်အကူပြုနည်းလမ်းဖြင့် ကူညီဖြေရှင်းပေးနေသည်မှာ ၂၀၁၃ ခုနှစ်ကတည်းက ဖြစ်သည်။ ၅ နှစ်ကျော်ကာလအတွင်း မြေယာပြဿနာများကို နည်းလမ်းမျိုးစုံ၊ ချဉ်းကပ်မှုမျိုးစုံသုံး၍ ဖြေရှင်းခဲ့ရာမြေယာ အမှုအားလုံးပေါင်း ၄၆၁၈ အမှုအထိ ဖြေရှင်းဆောင်ရွက်ဆဲဖြစ်ပါသည်။ ထိုအမှုများအထဲတွင်သိမ်းဆည်းခံခဲ့ရသော မြေယာအမှုပေါင်း ၅၈၀ မှ ပါဝင်ပြီး ၂၉ % ရှိသော မြေသိမ်းမှုများကို ဖြေရှင်းနိုင်ခဲ့သည်။ဖြေရှင်းပြီးစီးခဲ့သည့် မြေယာအမှုအခင်းများရှိသော်လည်း ထိုအရေအတွက်သည် တစ်နိုင်ငံ လုံးအတိုင်းအတာနှင့် ပြောပလောက်သော ပမာဏတော့ မဟုတ်ပါ။ Namati Myanmar မှလည်း မြေသိမ်းဆည်းမှုများကို ကူညီ ဆောင်ရွက်နေသည့် နည်းတူ တစ်ချိန်တည်းတွင်လည်း ဥပဒေအသိပညာ အားနည်းသော ရပ်ရွာများတွင်လည်းဥပဒေစွမ်းဆောင်ရည် မြှင့်တင်ခြင်း ကိုလည်းဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်အထိဖြေရှင်းနိုင်သေးခြင်းမရှိသော မြေယာအမှုအခင်းပေါင်းများစွာရှိနေဆဲဖြစ်သလို၊ ဖြေရှင်းပေးခဲ့နိုင်သော်လည်း အစိုးရမှတောင်သူလယ်သမားများထံ မြေယာပြန်လည်အပ်နှံခြင်း မရှိသေးသော အမှုအခင်းများ လည်း ဒုနဲ့ဒေးဖြစ်သည်။

Namati Myanmar မှ ဥပဒေ အထောက်အကူပြုသူများသည် ၄င်းတို့ အကူအညီပြုနေသော ဒေသများတွင် အတိုင်းအတာတစ်ခုအထိ ကူညီဆောင်ရွက်ပေးနေသော်လည်း အထက်ဖော်ပြပါ အခက်အခဲနှင့်အတားအဆီး များကြောင့်ထိခိုက်ခံရသူများ၏ ပြဿနာနှင့် ဒုက္ခခံစားရမှုများမှာ ပြေလည်နိုင်ခြင်း မရှိသေးပါ။

Namati Myanmar မှဥပဒေအထောက်အကူပြုသူများသည်မြေယာသိမ်းဆည်းခံရ မှု ပြဿနာများကိုဖြေရှင်းဆောင်ရွက်ခဲ့သည့် ၅ နှစ်စာ အတွေ့အကြုံများမှ သင်ခန်းစာများ နှင့်တရားဥပဒေဘောင်အတွင်းမှ ဖြေရှင်းဆောင်ရွက်ခဲ့သည့်မြေသိမ်းဆည်းမှုများကိုလေ့လာ အသုံးချနိုင်စေရန်အတွက် အသုံးဝင်နိုင်ကောင်း၏ဟု ရည်ရွယ်၍ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤစာစောင်ပါ နည်းလမ်းများ ကိုလည်း မြေယာသိမ်းဆည်းမှု ကြုံတွေ့နေရသူများ ၊ ကိုယ်တိုင် လက်တွေ့ကျင့်သုံးဖြေရှင်းနိုင်ရန်လည်း ရည်ရွယ်ပါသည်။ မြေသိမ်းဆည်းခံရသူများသည် ၄င်းတို့ ရင်ဆိုင်နေရသော အခြေအနေ မှ ပိုမိုကောင်းမွန်သောအခြေအနေ တစ်ခု သို့ရောက်ရှိစေရန်အတွက် အထောက်အပံ့ဖြစ်စေရန် နမူနာနည်းလမ်းများ တင်ပြထားခြင်းဖြစ်သည်။ ယခုစာစောင်ကို ပြုစုရာတွင် အားနည်းချက်များရှိနေနိုင်သေးသောကြောင့် ပြီးပြည့်စုံသည့် စာစောင်ဟု မမှတ်ယူစေလိုပါ။

# အခန်း ၁

## မြေသိမ်းဆည်းခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁၈၉၄ မြေသိမ်းအက်ဥပဒေ၏ဖော်ပြချက်အရ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်မှာ အစိုးရက အများပြည်သူ၏ အကျိုး အတွက်၄င်း၊ ထိုခေတ်အခါက ရှိခဲ့သောကုမ္ပဏီများအတွက်၄င်း၊ မြေသိမ်းယူရန်အခွင့်အာဏာအပ်နှင်းခံရနစ်နာမှု၊ လျော်ကြေးငွေကို ချင့်ချိန် စဉ်းစားပြီး အကျိုးစီးပွားသက်ဆိုင်သူများကို မြန်ဆန်စွာလျော်ကြေးပေးရန် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။

၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်း၏ ဖော်ပြချက်အရ အဆိုပါဥပဒေ၏ရည်ရွယ်ချက်မှာ

(က) ဥပဒေနှင့်အညီ မြေသိမ်းမှု ဖြစ်ပေါ်စေခြင်းဖြင့် မတရားမြေသိမ်းဆည်း မှု များကိုတားဆီးရန်နှင့် မြေသိမ်း ခံရသူများ၏ အကျိုးစီးပွားကို ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု ရရှိစေရန်

(ခ) မြေသိမ်းခြင်းပြုရာတွင် အကျိုးစီးပွားထိခိုက်နစ်နာသူမိသားစုများဒေသခံပြည်သူများပါဝင်သော ကြိုတင်အသိပေးခြင်း၊ လွပ်လပ်စွာ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း လုပ်ငန်းစဉ် များဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်

(ဂ) အကျိုးစီးပွား ထိခိုက်နစ်နာမှုခံရသူ မိသားစုအတွက် တရားမျှတ လျော်ကန်သည့် လျော်ကြေးနှင့်နစ်နာကြေးများခံစား ရရှိစေရန်

(ဃ) မြေသိမ်းရာတွင် အိမ်ရာမြေစွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ပြန်လည် နေရာချထား ပေးခြင်း ခံစားရရှိစေရန်

(င) မြေသိမ်းခံရခြင်းကြောင့် အကျိုးစီးပွားထိခိုက်သူ နှင့် နစ်နာသူမိသားစုများ၏ လူမှုစီးပွားရေး ဘဝပြန်လည် ထူထောင်ပေး ခြင်း ခံစားရရှိစေရန်

(စ) မြေကိုသိမ်းယူအသုံးပြုမှုများကြောင့်ဖြစ်ပေါ်လာသည့်သဘာဝပတ်ဝန်းကျင်နှင့်အများပြည်သူ၏လူမှုစီးပွား ထိခိုက်နစ်နာမှု များ တားဆီးကာကွယ်ရန် ဟုဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ၏ မြေယာမူဝါဒ

မြန်မာနိုင်ငံ၏မူလကနဦးမြေယာမူဝါဒသည် ဆိုရှယ်လစ်စနစ်အပေါ်တွင်အခြေတည်ထားသည်။နိုင်ငံတော်သည် မြေအားလုံး၏ အဆုံးစွန်သောပိုင်ရှင်ဖြစ်သည်။ နိုင်ငံတော်မှ မြေယာကိုအသုံးပြုနေသောသူများကို စိုက်ပျိုးလုပ်ပိုင်ခွင့်နှင့် မြေယာအသုံးချခွင့်ပေးထားသည်။ နိုင်ငံတော်မှ ဥပဒေပါသတ်မှတ်ချက်များအတိုင်း မြေယာကိုစီမံခန့်ခွဲခြင်း၊ သိမ်းဆည်းခြင်းနှင့် လျော်ကြေး နစ်နာကြေး ပေးဆောင်ခြင်း များကိုလုပ်ကိုင်နိုင်သည်။ ၁၉၈၈ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းပြီးနောက်နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တည်ဆောက်ရေးကောင်စီ လက်ထက်တွင်မူ ဥပဒေကိုကျော်လွန်၍ လယ်ယာမြေစီမံခန့်ခွဲမှုကို စိတ်တိုင်းကျ အလုံးစုံ ထိန်းချုပ်နိုင်ရန် လုပ်ဆောင်ခဲ့သည်။ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ခြင်းနှင့် နိုင်ငံတော်စီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက်ဟူသောခေါင်းစဉ်ဖြင့် ထိုအချိန်မှစတင်ပြီး ယခုလက်ရှိကာလအထိ မြေယာမူဝါဒအမျိုးမျိုးထုတ်ပြန်၍ စိုက်ပျိုးမြေအမြောက်အများကို ပြည်သူများထံမှ သိမ်းဆည်း ရယူခဲ့သည်။ မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေပြု၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားအားထုတ် နေသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ လူဦးရေ သန်း ၆၀ ကျော်ရှိသော မြန်မာနိုင်ငံတွင် ၇၀% သောတိုင်းသူပြည်သားများမှာ စိုက်ပျိုးရေးလုပ်ငန်း ( သို့ ) စိုက်ပျိုးရေးကို အခြေပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နေသောသူများဖြစ်ကြသည်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးတွင် ၁၈၉၄ မြေသိမ်းအက်ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ( တည်ဆဲဥပဒေဖြစ်ပြီး ယခုအချိန် တွင်ဥပဒေပြင်ဆင်ရေးဆွဲရန် ဆွေးနွေးနေဆဲ ဖြစ်သည်။ )ပါလီမန်ခေတ်တွင် ၁၉၅၃ ခုနှစ်လယ်ယာမြေနိုင်ငံပိုင်မြေသိမ်း အက်ဥပဒေ အားပြဋ္ဌာန်းခဲ့သည်။ ( ၂၀၁၂ ခုနှစ်တွင် လယ်ယာမြေ ဥပဒေပြဋ္ဌာန်းခဲ့ပြီး ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက် ဥပဒေအားရုတ်သိမ်းခဲ့သည်။ ) မြန်မာနိုင်ငံတွင် စစ်တပ်အသုံးပြုရန်အတွက် မြေသိမ်းဆည်းရာတွင် ကိုလိုနီအုပ်ချုပ်ရေးခေတ်နှင့် ပါလီမန်ခေတ်၊မဆလအစိုးရခေတ်တွင် ပြဋ္ဌာန်းခဲ့သောထိုဥပဒေ များနှင့်အညီ သိမ်းဆည်းခဲ့သည့် စီရင်ဆုံးဖြတ်ချက်များရှိခဲ့သည်။ ဥပမာ – ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ၊ အမှတ် ၄၄ မြေကွက်အား ကာကွယ်ရေးဝန်ကြီးဌာနသို့ ၁၉၈၄ ခုနှစ် စက်တင်ဘာလကလွှဲပြောင်းပေးသည့်စီရင်ထုံး၊ မော်ဘီ မြို့နယ်ရှိမြေများအား မော်ဘီလေတပ်စခန်းအတွက် စစ်တပ်အသုံးပြုရန် အတွက် သိမ်းယူသော စီရင်ထုံးဖြစ်သည်။[၁]

---

[၁] မော်ဘီမြို့နယ်၊ မြေဧရိယာ ၁၆၆၀.၅၃ ဧကကို မော်ဘီလေတပ်အတွက် မြေသိမ်းယူခြင်း၊ မြေသိမ်းမြေလွှဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ၊ သိမှတ်ဖွယ်ရာများ၊ ဦးကျော် ( အောင်မြတ်ကျော် )၊ ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာနိုင်ငံဝန်ထမ်း၊ ၂၀၁၂

၁၉၆၂ ခုနှစ်တွင်စစ်တပ်မှအာဏာသိမ်းပြီးနောက် ပြည်သူပိုင်သိမ်းသည့် မြေသိမ်းပြဿနာများ၊ ဌာနဆိုင်ရာများက သိမ်းသည့် စံပြစိုက်ခင်း၊ သမဝါယမစိုက်ခင်း ၊ ကြက်ဆူပင်စိုက်ခင်း အစရှိသည့်ပြဿနာများ ရှိခဲ့သည်။ ( ထိုစဉ်က တည်ဆဲဥပဒေ ဖြစ်သော ၁၈၉၄ မြေသိမ်းအက်ဥပဒေ နှင့် ၁၉၅၃လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့်အညီ သိမ်းဆည်းဆောင်ရွက်ထားခြင်း မရှိခဲ့ပါ။ )

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရအုပ်ချုပ်စဉ်ကာလအတွင်း မြေယာသိမ်းဆည်းမှုများ အများအပြား နိုင်ငံတစ်ဝှမ်းဖြစ်ပေါ်ခဲ့သည်။ အစိုးရ အဖွဲ့အစည်းများ အထူးသဖြင့် စစ်တပ်နှင့် ပတ်သက်သက်ဆိုင်သည့်ဌာနဆိုင်ရာများ နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းမှ စိုက်ပျိုးရေးမြေများကို ကျင့်သုံးဆဲ ဥပဒေများနှင့် အညီ ရယူခဲ့ခြင်း နှင့် လျော်ကြေးငွေ ပေးအပ်ခဲ့ခြင်းမရှိဘဲ သိမ်းဆည်းခဲ့မှုများ နိုင်ငံအနှံ့ ဖြစ်ပွားခဲ့သည်။

( ထိုစဉ်က တည်ဆဲဥပဒေ ဖြစ်သော ၁၈၉၄ မြေသိမ်းအက်ဥပဒေနှင့် ၁၉၅၃ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ နှင့် အညီ သိမ်းဆည်းဆောင်ရွက်ထားခြင်း မရှိ ခဲ့ပါ။ ) ၁၉၈၈ ခုနှစ်နောက်ပိုင်း ထိုသို့ သိမ်းဆည်းသည့် မြေများကို အသုံးပြုသည့် ပုံစံများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) စစ်တပ် မြေသိမ်းခြင်း

(၂) ဝန်ကြီးဌာန များ၏ မတူညီသည့် ရည်ရွယ်ချက်ဖြင့် မြေသိမ်းခြင်း

(၃) ကုမ္ပဏီများ ၊ လုပ်ငန်းရှင်များ ၊ စက်ရုံ အလုပ်ရုံ၊ စိုက်ပျိုးမွေးမြူရေး၊ သတ္တုတွင်းလုပ်ငန်းများအတွက် မြေသိမ်းခြင်းဟူ၍ အမျိုးအစား ၃ မျိုးခွဲခြားနိုင်ပါသည်။

မြေယာသိမ်းဆည်းမှုများ ဖြစ်ပွားစေသည့်ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းယေဘုယျခွဲခြားနိုင်သည်။

(၁) စစ်တပ် သက်သာချောင်ချိရေး / အသစ်တည်ဆောက်ရန် / စစ်တပ်တိုးချဲ့ခြင်း

(၂) အကြီးစား စိုက်ပျိုးရေးလုပ်ငန်းများ

(၃) သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများ

(၄) ဝန်ကြီးဌာနများ၏ စက်ရုံအလုပ်ရုံ တည်ဆောက်ရန် မြေသိမ်းခြင်း

(၅) ဒေသဖွံ့ဖြိုးရေး ( ဥပမာ – ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတားများ ဖောက်လုပ်ရန်၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ ဆောက်လုပ်ရန် )

(၆) မြို့များ၊ ရွာများ ချဲ့ထွင်ရန်၊ အသစ်တည်ဆောက်ရန် မြေသိမ်းခြင်း

ထိုကဲ့သို့သော မြေယာသိမ်းဆည်းမှုများသည် ဒီမိုကရေစီအစိုးရ တာဝန်မယူခင် တနည်းအားဖြင့် ၂၀၁၀ ခုနှစ်မတိုင်ခင်တွင် အများဆုံးဖြစ်ပွားခဲ့သည်။(ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်မှပြည်သူ့လွှတ်တော်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများမနစ်နာစေရေးစုံစမ်းစစ်ဆေးရေး ဗဟိုကော်မရှင်ကို ၈. ၈. ၂၀၁၂ တွင် ဇလွန်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ် မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သောအဖွဲ့အားဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များအားအဖွဲ့(၁၁) ဖွဲ့ကိုပြည်နယ်တိုင်းဒေသကြီးအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့ရာမှ ကော်မရှင်၏စုံစမ်းတွေ့ရှိချက်အစီရင်ခံစာများကို အပိုင်း(၁)မှ (၇) ထိ ပြည်ထောင်စုလွှတ်တော်သို့ အောက်ပါနေ့ရက်များတွင်တင်ပြခဲ့သည်။

၁။ အပိုင်း(၁) တပ်သိမ်းမြေအဖြစ် သိမ်းဆည်းသည့်မြေများ၊ ( ၂၄၇၀၇၇. ၀၆ ဧက၊ ၂၆. ၂. ၂၀၁၃ )

၂။ အပိုင်း(၂) မြို့ပြနှင့် စက်မှုဇုန် တည်ဆောက်ခြင်းများ၊ ( ၁၀၉၆၁၄. ၁၅ ဧက၊ ၁၂. ၃. ၂၀၁၃ )


၃။ အပိုင်း(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်း၊ စက်ရုံအလုပ်ရုံများ၊ ( – ဧက၊ ၁၃. ၈. ၂၀၁၃ )

၄။ အပိုင်း(၄) အပိုင်း(၁)၊ (၂)၊ (၃) တွင်မပါသေးသောမြေများ၊ ( – ဧက၊ ၇. ၇. ၂၀၁၄)၊

၅။ အပိုင်း(၅) (၆) (၇)

ထိခိုက်နစ်နာသောပြည်သူလူထုများမှလည်း ထိုသို့ဥပဒေမဲ့စွာ ၊ တရားမျှတမှုမဲ့စွာသိမ်းဆည်းခဲ့သည့်မြေသိမ်းသူများအား ၄င်းတို့၏ မြေကိုပြန်လည်အသုံးပြုခွင့်ရရှိစေရန် (သို့ )လျော်ကြေးငွေရရှိစေရန်လူထုအခြေပြု တောင်းဆိုမှုများကို နိုင်ငံအနှံ့၌ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

လက်ရှိအစိုးရမှ တရားဝင်ထုတ်ပြန်ထားသော မြေသိမ်းဆည်းမှုနှင့်ဆိုင်သည့် ကိန်းဂဏန်းဖော်ပြချက်များ



လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စီစစ်ရေးဗဟိုကော်မတီကို ၅.၅.၂၀၁၆ တွင်မြန်မာနိုင်ငံသမ္မတရုံးမှ အမိန့် ကြော်ငြာစာအမှတ် ၁၄/၂၀၁၆ ဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းသည့် မေလ ၂၀၁၆ ခုနှစ်မှ မတ်လ ၂၀၁၇ ခုနှစ် အထိ တိုင်ကြားစာလက်ခံရရှိမှုနှင့်စိစစ်ဖြေရှင်းဆောင်ရွက်မှု အခြေအနေမှာ တိုင်းနှင့်ပြည်နယ် ၁၅ ခု အတွင်း ၄၁၈၄ မှုဖြစ်သည်။ ယခင်အစိုးရလက်ထက်မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီတွင် စိစစ်ရန်ကျန်ရှိနေသော မြေကိစ္စ အမှုတွဲများရှိနေပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ အစီရင်ခံစာအပိုင်းပါ အမှုတွဲစုစုပေါင်း ၄၁၂၂ မှုရှိသည်။ တိုက်ရိုက်တိုင်ကြားစာအမှုတွဲစုစုပေါင်း ၂၅၈၅ မှု ရှိရာ စုစုပေါင်း ၆၇၀၇ မှု ကျန်ရှိနေပြီး ယခင်အစိုးရနှင့်ယခုအစိုးရ လက်ထက်တွင် ကော်မတီမှ လက်ခံရရှိသည့် အမှုပမာဏစုစုပေါင်းမှာ ၁၀၈၉၁ မှုဖြစ်သည်။ထိုအမှုများထဲတွင်မှ ၂၀၅၇ မှု မှာ ဖြေရှင်းဆောင်ရွက်ပြီးစီးပြီး အသုံးမပြုပိုလျှံသည့် မြေများကိုသက်ဆိုင်သူများထံသို့ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပြီးဖြစ်သည်ဟု နိုင်ငံတော်ပိုင်သတင်းစာ ဖြစ်သည့် ကြေးမုံသတင်းစာတွင် ၁၃ ရက်၊ ဧပြီလ၊ ၂၀၁၇ တွင်ဖော်ပြထားပြီးဖြစ်သည်။

| စွန့်လွှတ်မြေဧက | သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်သည့်ဧက | စိုက်ပျိုးမြေမဟုတ်သောနိုင်ငံပိုင်မြေအဖြစ် ထိန်းသိမ်းထားရှိမည့်ဧက | အခြားဝန်ကြီးဌာနသို့ လွှဲပြောင်းစွန့်လွှတ်သည့်ဧက |
|---|---|---|---|
| ၁၄၀၂၈၉ . ၈၁၇၆ | ၃၈၀၂၄ . ၈၄၁၅ | ၈၈၇၇၁ . ၃၈၀၁ | ၁၃၄၉၃ . ၅၉၆၀ |

ယခင်အစိုးရလက်ထက်မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ပြန်လည်အပ်နှံလာသောစွန့်လွှတ်မြေများအပေါ် သက်ဆိုင်သူများထံသို့လွှဲပြောင်းပေးအပ်ပြီးစီးမှုနှင့်လွှဲပြောင်းပေးအပ်ရန်အတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ အထိ ကျန်မြေစာရင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်စုစုပေါင်း စွန့်လွှတ်မြေဧကတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

| စုစုပေါင်းစွန့်လွှတ်မြေဧက | ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ပြန်လည်အပ်နှံလာသော စွန့်လွှတ်မြေ များအပေါ်သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှု | ကျန်မြေဧက |
|---|---|---|
| ၄၂၉၈၄၅ · ၂၉၃ | ဧက ၄၂၉၈၄၅ · ၂၉၃ | ၆၉၄၈ . ၄၅၁ ဧက |

မြေသိမ်းဆည်းခံရ၍အမှန်တကယ်နစ်နာသူပြည်သူများအနေဖြင့်မိမိတို့သိမ်းဆည်ခံခဲ့ရသည့်မြေများသည်ပြန်လည် စွန့်လွှတ်သောမြေများတွင် ပါဝင်ခြင်းရှိ၊ မရှိသက်ဆိုင်ရာမြို့နယ်နှင့်ရပ်ကွက် (သို့) ကျေးရွာအုပ်စုလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများတွင်စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင်ပါဝင်ပါက သက်ဆိုင်ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးများထံမှ မြေပိုင်ဆိုင်ခွင့် အထောက် အထားများနှင့်တကွ ခိုင်ခိုင်မာမာလွှဲပြောင်းရယူကြရန်လည်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ထို့ပြင် မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်မှုများ နှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှု မရှိကြောင်းထင်မြင်ယူဆ၍ သက်ဆိုင်ရာရပ်ကွက် ၊ ကျေးရွာ အုပ်စု၊ မြို့နယ် ၊ ခရိုင် ၊ နေပြည်တော် ၊ တိုင်းဒေသကြီး ၊ပြည်နယ် လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီရုံးနှင့်ဗဟိုကော်မတီသို့ အကြံပြုချက်များပေးပို့တင်ပြလာပါက အလေးထားဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိ ကြောင်းနှင့် ဆက်လက်စိစစ်ရရှိသော စွန့်လွှတ်မြေများကိုလည်း သက်ဆိုင်သူများထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည် လွှဲပြောင်းပေးအပ်သွားမည်ဟုလည်း သတင်းထုတ်ပြန်ထားသည်။

# အခန်း ၂

## မြန်မာနိုင်ငံတွင် မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်သည့်ကျင့်သုံးခဲ့သောဥပဒေများနှင့်လက်ရှိကျင့်သုံးဆဲဥပဒေများ

၁။ ၁၈၉၄ မြေသိမ်းအက်ဥပဒေ

၂။ ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ (၂၀၁၂ မတိုင်မီ) (၂၀၁၂ လယ်ယာမြေဥပဒေထွက်ပေါ်လာချိန်တွင် ယင်းဥပဒေအား ဖျက်သိမ်းလိုက်သည်။)

၃။ ၁၉၆၃ သီးစားချထားရေး ဥပဒေ (၂၀၁၂ မတိုင်မီ )(၂၀၁၂ လယ်ယာမြေဥပဒေထွက်ပေါ်လာချိန်တွင် ယင်းဥပဒေအား ဖျက်သိမ်းလိုက်သည်။)

၄။ ၁၂.၁၂.၁၉၉၁ နေ့တွင်ထုတ်ပြန်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာ(၁/၉၁) ( ၂၀၁၂ မတိုင်မီ )


၅။ ၂၀၁၂ လယ်ယာမြေဥပဒေ

၆။ ၂၀၁၂ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ


မြန်မာနိုင်ငံအစိုးရအနေနှင့် အများပြည်သူအကျိုးဆောင်ရွက်ဖို့ အတွက် နိုင်ငံသူနိုင်ငံသားများနှင့်တောင်သူလယ်သမားတို့ ထံမှ မြေသိမ်းဆည်းရန်လိုအပ်ပါက နိုင်ငံတော်ပြန်တမ်းတွင် ယင်းသို့ လိုအပ်ကြောင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ရမည်။ ထိုအမိန့်ကြော်ငြာစာကို အများပြည်သူ သိရှိနိုင်ရန်ကော်လီတော်အရာရှိက ကြေငြာရမည်။ ထိုသို့ မြေသိမ်းဆည်းခြင်းခံရပါက ဥပဒေနှင့်အညီ သိမ်းယူခြင်းဖြစ်ပေါ်စေရန် မြေသိမ်းဆည်းခြင်းလုပ်ငန်း အဆင့်ဆင့်ကို နားလည်မြင်သာလွယ်စေရန် သရုပ်ဖော်တင်ပြအပ်ပါသည်။

## မြေသိမ်းဆည်းခြင်းလုပ်ငန်းအဆင့်ဆင့်

၁။ မြေအသုံးပြုလိုသည့်သူမှ အသုံးပြုမည့် လယ်ယာမြေအား အစိုးရထံ မြေအသုံးပြုလိုကြောင်းလျှောက်ထားခြင်း




၂။ ၁၈၉၄ မြေသိမ်းဥပဒေနှင့်အညီ မြေသိမ်းရန် ခရိုင်ထွေအုပ်မှ မြေသိမ်းယူမည့်သူများထံအကြောင်းကြားခြင်း ဆောင်ရွက်ခြင်း




ခရိုင်ထွေအုပ်မှ ၁၈၉၄ မြေသိမ်းဥပဒေနှင့်အညီ မြေသိမ်းယူခြင်း

- ပဏာမအမိန့် ကြော်ငြာစာကို အများပြည်သူသို့ ကြေငြာခြင်း (ပုဒ်မ ၄(၁) နှင့် ပုဒ်မ ၉ (၁))
- လျော်ကြေးနှင့် နစ်နာကြေးပေးရန် စစ်ဆေးခြင်း နှင့် ဆုံးဖြတ်ခြင်း (ပုဒ်မ ၁၁ နှင့် ၁၅ )

၃။ မြေသိမ်းခံရသူများ၏ သဘောတူညီချက်လက်မှတ်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနထံမှ မြေသိမ်းမိန့် တောင်းခံခြင်း



၄။ အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်ထဲရေးမှ မြေသိမ်းမိန့် ချပေးခြင်း




၅။ သိမ်းယူသည့်မြေကို အခြားနည်းအဖြစ် အသုံးပြုနိုင်ရန် လျှောက်ထားခြင်း

- လယ်ယာမြေဖြစ်ပါက ဗဟို လယ်ယာစီမံခန့်ခွဲရေး အစိုးရထံ လယ – ၃၀ (က) လျှောက်ရန်
- ယာမြေဖြစ်ပါက တိုင်း/ပြည်နယ်အစိုးရထံ လယ – ၃၀ (ခ) လျှောက်ရန်

**အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက် )

အမှတ် ၂၆ ။ ။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ-၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါ မြေများကို အများပြည်သူအကျိုးငှာ ကာကွယ်ရေးဝန်ကြီးဌာန၊ **"အမှတ် (၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ"** မြေအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြော်ငြာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စုအမည် | ကွင်း အမှတ်/အမည် | ဦးပိုင် ပေါင်း | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | စေတုတ္တရာ | ကန်တိုင် | ၈၊၉၊၁၀၊၁၁/ ကြေးတိုင်ပြင် | ၁၅၄ | ၁၇၉ |
| | | | | **၁၅၄ ခု** | **၁၇၉** |

မြေသိမ်းအက်ဥပဒေပုဒ်မ-၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ-၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

**လေ့လာနိုင်ရန်မြေသိမ်းမိန့် (နိုင်ငံတော်ပြန်တမ်း)တစ်ခု**

## ယခင်အစိုးရလက်ထက်အတွင်း မြေယာသိမ်းဆည်းမှုများကိုဖြေရှင်းခဲ့သည့်စနစ်နှင့်ထပ်မံ ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများ ( ၂၀၁၀ - ၂၀၁၅ ခုနှစ် အထိ )

၂၀၁၀ ခုနှစ်တွင် ဒီမိုကရေစီအစိုးရမှ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍သိမ်းဆည်းခံရသည့်မြေများကိုမြေသိမ်းဆည်းခြင်း ခံရသူများက ပြန်လည်တောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုမှုများကို ထိရောက်စွာဖြေရှင်း နိုင်ရန် အောက်ဖော်ပြပါအဖွဲ့အစည်းများ ကို နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းခဲ့သည်။

### ၁။ လယ်ယာမြေ နှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့်ပြည်သူများနစ်နာမှုမရှိစေရေးစုံစမ်းစစ်ဆေးရေးကော်မရှင် (ပြည်ထောင်စုလွှတ်တော်မှဦးဆောင်)

မြေသိမ်းဆည်းမှုပြဿနာများကို စိစစ်ဖြေရှင်းနိုင်ရန်နှင့် သိမ်းဆည်းခံထားရသည့် လယ်ယာမြေနှင့်အခြားမြေများကို ပြန်လည်စွန့်လွှတ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်နှင့် ပထမအကြိမ်ဒီမိုကရေစီအစိုးရ လက်ထက်တွင် မြန်မာနိုင်ငံအနှံ့မှ တိုင်ကြားစာများကို လက်ခံသည့်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ မနစ်နာစေ ရေးအတွက်စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဩဂုတ်လ ၂၀၁၂ တွင် ပြည်ထောင်စုလွှတ်တော်၏ အမိန့်ညွှန်ကြားစာ ၅၂/ ၂၀၁၂ အရ ဖွဲ့စည်းခဲ့သည်။ကော်မရှင်တွင် ပြည်ထောင်စုလွှတ်တော်အတွင်းရှိ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်အဖွဲ့ဝင် ၇၄ ဦး ပါဝင်ဖွဲ့စည်းသည်။

ထိုကော်မရှင်သည် မြန်မာနိုင်ငံအတွင်း မြေယာသိမ်းဆည်းခြင်းကိုခံစားရသော တောင်သူလယ်သမားများနှင့် ပြည်သူများ ထံမှ တိုင်ကြားစာများကိုလက်ခံရယူပြီး ထိုတိုင်ကြားစာများမှတဆင့် ပြဿနာ ကြုံတွေ့နေရသော သက်ဆိုင်ရာတိုင်းဒေသနှင့် ပြည်နယ်များရှိ ကျေးရွာဒေသများသို့ သွားရောက်ကာစုံစမ်းစစ်ဆေးခြင်းများပြုလုပ်ပြီး အမှုတစ်ခုချင်းစီအလိုက် စုံစမ်းစစ်ဆေးမှု များအပေါ်အခြေခံ၍ ထောက်ခံအကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်ထံသို့ အစီရင်ခံစာပေးပို့ခဲ့သည်။ စုံစမ်းစစ်ဆေးမှုများ မှတွေ့ရှိချက်များ၊ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အချက်များ၊ နိုင်ငံသားများအပေါ် သာတူညီမျှမှုရှိစေရန်၊ ကိုယ်ချင်းစာတရား၊ ဆင်ခြင်တုံတရားဖြင့် ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးစေရန် အကြံပြုချက်များနှင့် သုံးသပ်ချက်များကိုပြည်ထောင်စုအစိုးရထံပေးပို့ခဲ့ သည်။ကော်မရှင်သည်၄င်းတို့စုံစမ်းစစ်ဆေးခဲ့သည့်မြေယာသိမ်းဆည်းမှုများကို ဆုံးဖြတ်ခွင့်၊စီမံခန့်ခွဲခွင့်မရှိခဲ့ပေ။ စုံစမ်းစစ်ဆေးပြီးမှ တွေ့ရှိလာသောတွေ့ရှိချက်များအပေါ် အခြေပြုပြီးအကြံပြုချက်များ ပုံပိုးခဲ့သည်။ ထိုတွေ့ရှိချက်များအား ကော်မရှင်မှ ပြည်ထောင်စု လွှတ်တော်ထံ အစီရင်ခံစာ ၇ စောင်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ကော်မရှင်၏လုပ်ပိုင်ခွင့်တွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကော်မရှင်အားတာဝန်ယူရန်၊တာဝန်ခံရန်သာဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်မှ ရရှိလာသောအစီရင်ခံစာများ အပေါ်မူတည်ပြီး သမ္မတဦးစီးသော ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ဒုသမ္မတဦးဉာဏ်ထွန်း ဦးစီးသောမြေအသုံးချဆိုင်ရာစီမံခန့်ခွဲမှုဗဟို ကော်မတီကို ၁၆-၉-၂၀၁၄ တွင်ဖွဲ့စည်းခဲ့သည်။

## ၂။ မြေအသုံးချဆိုင်ရာစီမံခန့် ခွဲမှုဗဟိုကော်မတီ

မြေအသုံးချဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီသည် မြေသိမ်းသည့်ပြဿနာ၊ မြေယာမှုခင်းပြဿနာများအား တိုင်းဒေသနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကျေးအထိ စုံစမ်းစစ်ဆေးရေးများပြန်လည်ပြုလုပ်ပြီးပြန်လည်စွန့်လွှတ်ခြင်း၊ မြေယာပြဿနာဆုံးဖြတ်ခြင်းများဆောင်ရွက်ပေးခဲ့သည်။ သို့သော်အထက်ဖော်ပြပါ ဗဟိုကော်မရှင်နှင့် ဗဟိုကော်မတီအား ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းနှင့် အစိုးရအသစ် တက်လာပြီးနောက် ၂၀၁၆ ခုနှစ်တွင် တရားဝင်ဖျက်သိမ်းခဲ့သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန)၏ သိမ်းဆည်းမြေများအပေါ် ပြန်လည် စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ၂၀၁၃ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်ထားပြီး ဖြစ်သည်။ မြေအမျိုးအစားအလိုက် စွန့်လွှတ်ရာတွင်လုပ်ကိုင်ရမည့် လုပ်ထုံးလုပ်နည်းများကို လမ်းညွှန်ထုတ်ပြန်ထားပါသည်။

<u>လယ်ယာမြေများ ပြန်လည်ပေးအပ်ရာတွင်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း</u>

(က) လယ်ယာမြေများကို နိုင်ငံတော်အကျိုးငှာ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍သိမ်းဆည်းခဲ့ခြင်း ( အဆင့် ၁၆ ဆင့် )

(ခ) လယ်ယာမြေများကို ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ နှင့် ၂၀၁၂ လယ်ယာမြေဥပဒေ ပုဒ်မ ၂၉၊ ၃၀ တို့အရ အခြားနည်းအသုံးပြုရန်ခွင့်ပြုခြင်း ( အဆင့် ၉ ဆင့် )

(ဂ) လယ်ယာမြေများကို မြေစာရင်းပုံစံ ၁၀၅ ဖြင့် သိမ်းဆည်းခဲ့ခြင်း ( အဆင့် ၁၀ ဆင့် )

<u>မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်ပေးအပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း</u>

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထဲရေးဝန်ကြီးဌာနက မြေလွှဲအမိန့်ထုတ်ပြန်၍ လွှဲပြောင်းပေးအပ်ခြင်း ( အဆင့် ၁၄ ဆင့် )

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ၁၉၅၃ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၉ အရအခြားနည်းအသုံးပြုရန် ခွင့်ပြုခဲ့ခြင်း ( အဆင့် ၆ ဆင့် )

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲရေးဗဟိုကော်မတီ (သို့) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့က ခွင့်ပြုချထားပေးခဲ့ခြင်း ( အဆင့် ၆ ဆင့် )

အခြားမြေများပြန်လည်ပေးအပ်ရာတွင် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ

(က) ပယ်ဖျက်ပြီး သစ်တောမြေများကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍လွှဲပြောင်းပေးခြင်း ( အဆင့် ၁၂ ဆင့် )

(ခ) မပယ်ဖျက်ရသေးသော သစ်တောမြေများကို လွှဲပြောင်းပေးခြင်း ( အဆင့် ၄ ဆင့် )

(ဂ) ပယ်ဖျက်ပြီး စားကျက်မြေကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ လွှဲပြောင်းပေးခြင်း ( အဆင့် ၁၂ ဆင့် )

(ဃ) မပယ်ဖျက်ရသေးသော စားကျက်မြေများကို လွှဲပြောင်းပေးခြင်း ( အဆင့် ၃ ဆင့် )

မြေလျော်ကြေး၊ သီးနှံ နှင့် နှစ်ရှည်ပင်အတွက် နစ်နာကြေးပေးခြင်း

(က) သီးနှံနှင့် အဆောက်အအုံအတွက် နစ်နာကြေး

(ခ) မြေအတွက်လျော်ကြေး

**လက်ရှိအစိုးရလက်ထက်အတွင်း မြေယာသိမ်းဆည်းမှုများကို ဖြေရှင်းခဲ့သည့်**
**စနစ်နှင့် ထပ်မံဖွဲ့စည်းသည့်အဖွဲ့အစည်းများ ( ၂၀၁၆ ခုနှစ်မှ ယခုအချိန်ထိ )**

### ၁။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ

ဒုတိယအကြိမ် ဒီမိုကရေစီအစိုးရလက်ထက်တွင် ပထမအကြိမ်ဒီမိုကရေစီအစိုးရလက်ထက်က ဖြေရှင်းရန်မပြီးပြတ်သေးသည့် မြေသိမ်းဆည်းမှုများကို ဆက်လက်စုံစမ်းစစ်ဆေးရန် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်( ၁၄/၂၀၁၆ ) ဖြင့် ၅ ရက် မေလ ၂၀၁၆ တွင် ဒုသမ္မတ ဟင်နရီဗန်ထီးယူ ဦးဆောင်သည့် ၁၀ဦးပါဝင်သည့်ဗဟိုကော်မတီတစ်ရပ်အဖြစ်ဖွဲ့ စည်းခဲ့သည်။ ထို့အပြင်ဗဟိုကော်မတီအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ၊ ခရိုင် ၊ မြို့နယ် နှင့် ရပ်ကွက်/ ကျေးရွာ အုပ်စုအဆင့်တို့တွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်း ခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းကာ သိမ်းဆည်းခံရသောမြေယာပြဿနာများအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

## ၂။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှထုတ်ပြန်သောမူဝါဒ၊ ညွှန်ကြားချက်များ

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပြည်သူတို့၏တင်ပြတိုင်ကြားစာများ စိစစ်ဆောင်ရွက်ရာတွင် မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ဇွန်လ ၂၀၁၆ခုနှစ်တွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ အတည်ပြုသတ်မှတ်ခဲ့သည့် မူဝါဒညွှန်ကြားချက်များထုတ်ပြန်ခဲ့သည်။

- နိုင်ငံတော်က သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလ မြေပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မူဝါဒ ၁၀ ရပ်
- တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်းသည့်မူဝါဒ ၃ ရပ်
- သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန်လျှောက်ထားလာခြင်းများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက် ၄ ချက်
- စွန့်လွှတ်နိုင်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် ၅ ချက်
- သိမ်းဆည်းထားသည့် ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက် ၆ ချက်
- စွန့်လွှတ်သည့်မြေများ သက်ဆိုင်သူလက်ဝယ် အမြန်ရောက်ရှိရေး လုပ်ငန်းစဉ် ၉ ချက်
- နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မတီများမှ အလေးထားဆောင်ရွက်ရန် အချက် ၁၅ ချက်

## ၃။ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့များ

ထိုစိစစ်ရေးအဖွဲ့များကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၁၃.၂.၂၀၁၈ ရက်နေ့ရက်စွဲတွင်စတင်ဖွဲ့စည်းခဲ့သည်။ သိမ်းဆည်းမြေများအားသက်ဆိုင်ရာပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်ပေးအပ်နိုင်ရေးလုပ်ငန်းစဉ်အား ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် တွေ့ကြုံရသည့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိစစ်ရေးအဖွဲ့ (၄) ဖွဲ့အား ဖွဲ့စည်းပေးခဲ့ပါသည်။ စိစစ်ရေးအဖွဲ့များ၏ တွေ့ရှိချက်များကိုလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ သို့ အဖွဲ့စတင်ဖွဲ့စည်းသည့်နေ့မှ (၃) လအတွင်းတင်ပြရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း မြေသိမ်းဆည်းမှုများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကော်မတီများက ဖြေရှင်းဆောင်ရွက်မှုများ၊ သတင်းထုတ်ပြန်ချက်များပြုလုပ်နေဆဲဖြစ်သော်လည်း မြေသိမ်းဆည်းခံရသော တောင်သူများနှင့် ပြည်သူများအနေဖြင့် ဥပဒေနှင့်အညီလျော်ကြေးနစ်နာကြေးမရခြင်း၊ မြေပြန်မရခြင်းတို့ကို ခံစားနေရဆဲဖြစ်သည်။ သိမ်းဆည်းမြေများကိုလက်ရှိရယူထားသော စစ်တပ်၊ ဌာနဆိုင်ရာ ၊ ကုမ္ပဏီနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များထံ ပြန်လည် တောင်းဆိုမှုများပြုလုပ်ကြရာ သက်ဆိုင်ရာတို့က တစ်ချို့ ပြန်လည်စွန့်လွှတ်သောလည်း စာချုပ်လက်မှတ်ထိုးခိုင်းပြီးသီးစားပုံစံမျိုး စိုက်ပျိုးခိုင်းခြင်း ၊ ယာယီဝင်ရောက်စိုက်ပျိုးခိုင်းခြင်း ၊ စွန့်လွှတ်မြေတွင် မူလသိမ်းဆည်းခံရသူအားမပေးဘဲ သီးစားစိုက်ပျိုးခဲ့သော တောင်သူများအား လယ်ယာမြေပုံစံ ၇ ပေးခြင်း ( သိမ်းဆည်းမြေအား မြေယာမှုခင်းတွင် ဆုံးဖြတ်သကဲ့သို့ လယ်လုပ်သူလယ်လုပ် ပိုင်ခွင့်မူဖြင့် ပေးထားခြင်း) ၊ စွန့်လွှတ်မြေအားမူလသိမ်းဆည်းခံရသူများထံ လက်ဝယ်မပေးဘဲ ဌာနဆိုင်ရာများ ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လက်ဝယ်ပေးထားခြင်းတို့သည် မြေသိမ်းဆည်းမှုနှင့် သက်ဆိုင်သည့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများဖြစ်သည်။

**လယ်ယာမြေဥပဒေ (၂၀၁၂ )၏ ပုဒ်မ ၃၂ အရ** - နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းယူရာတွင် အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။ စီမံကိန်းအားသတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးစေရန် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး စီမံကိန်းများဆောင်ရွက်ခြင်းမပြုတော့ပါက မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံ ပြန်လည်ပေးအပ်ရမည်။

**လယ်ယာမြေ နည်းဥပဒေ-အပိုဒ် ၉၆ ၊ ၉၇ ၊ ၉၈ အရ** - စီမံကိန်းအတွက် အနည်းဆုံးအမှန်တကယ်လိုအပ်သောပမာဏကို သိမ်းယူနိုင်ရေးဟု ဖော်ပြထားသော်လည်း လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ သတိမမူဘဲ ယခုလက်ရှိအခြေအနေတွင် သိမ်းဆည်းပြီးလစ်လပ်သည့် နေရာများရှိသော်လည်း မူလတောင်သူများထံ ပြန်လည်ပေးအပ်ထားခြင်း မရှိသည်များကို တွေ့ရှိရသည်။

Namati Myanmar မြန်မာ၏ ဥပဒေအထောက်အကူများ ကြုံတွေ့ခဲ့ရသောအခြေအနေများအရ ပြည်ထောင်စုနှင့်သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အသီးသီးမှလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်တွင် မြေသိမ်းဆည်းခြင်းခံရသူများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်မှု အားနည်းခြင်းနှင့် အများပြည်သူသိရှိရန်ပွင့်လင်းမြင်သာမှုမရှိသေးသည်ကိုတွေ့ရသည်။

သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ရာတွင်ပြည်ထဲရေးဝန်ကြီးဌာန ( အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများအပေါ်တတ်နိုင်သမျှအကျဉ်းချုပ်၍ အလျှင်အမြန်အကောင်အထည်ဖော်မှသာ မူလသိမ်းဆည်းခံတောင်သူများလက်သို့ သိမ်းဆည်းမြေများ ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်သည်။ သိမ်းဆည်းမြေများပြန်လည်စွန့်လွှတ်ရာတွင် အဆင့်ဆင့်လုပ်ထုံးလုပ်နည်းများအား ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံခန့် ခွဲပိုင်ခွင့်များစွာပေးထားခြင်းသည် မူလလက်ငုတ်သိမ်းဆည်းခံတောင်သူများလက်သို့ ပြန်ရောက်ရန် အခွင့်အလမ်းနည်းလျှက်ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာန ( အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ) ၏ သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တင်ပြခြင်း အဆင့်ဆင့်၊ အကြောင်းကြားခြင်းအဆင့်ဆင့်၊ ပြင်ဆင်ထုတ်ပြန်ခြင်းအဆင့်ဆင့်၊ လွှဲပြောင်းခြင်းအဆင့်ဆင့် ၊ လျှောက်ထားခြင်းအဆင့်ဆင့်များပြားလျှက်ရှိသောကြောင့် မူလမြေသိမ်းခံရသူအနေဖြင့်လက်ရောက်ရရှိရန် ကြန့်ကြာလျက်ရှိကြောင်း ၊ အချိန်ကြန့်ကြာသည်နှင့်အမျှ မူလအသိမ်းခံရသူလက်ဝယ် ပြန်လည်မရောက်ရှိနိုင်ဘဲ အခြားပုဂ္ဂိုလ်၊ ဌာနဆိုင်ရာများထံ လက်ရောက်ရရှိသွားနိုင်သည့် အခြေအနေများပေါ်ပေါက်လျက်ရှိပါသည်။

## စွန့်လွှတ်မြေများ လက်ရောက်ပြန်လည်ရရှိနိုင်ရန် ကြန့်ကြာနေသည့်အချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ စာအမှတ် – ၁၂/ လယ –၁၆ (၀၀၂/၂၀၁၅) ရက်စွဲ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင်သစ်တောမြေ၊စားကျက်မြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတို့တွင် တောင်သူလယ်သမားများ အမှန်တကယ်စိုက်ပျိုးထားသော စိုက်ပျိုးမြေဧကများကို တရားဝင်စိုက်ပျိုးမြေဧကအဖြစ် ခိုင်ခိုင်မာမာအတည်ပြုဆောင်ရွက်ပေးနိုင်ရေးအတွက် တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ – ၇ များထုတ်ပေးခြင်းအား ၂၀၁၅ ခုနှစ် မတ်လ၃၁မတိုင်မီ ပြီးစီးအောင် အရေးကြီးလုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး အကြောင်းကြားထားသော်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများအနေဖြင့် လိုက်နာဆောင်ရွက်ထားမှုမရှိကြောင်းတွေ့ရှိရသည်။

၂။ လက်ရှိ၊ လက်ငုတ်များအနေဖြင့်တရားဝင်စိုက်ပျိုးနိုင်ခွင့်ရရှိရေးအတွက် အကြောင်းကြားညွှန်ကြားချက်များ ( ဥပမာ – စာအမှတ် – ၁၂/လယ–၁၆ (၀၀၂/၂၀၁၅ ) အား အကောင်အထည် မဖော်နိုင်ခြင်းသည်သိမ်းဆည်းမြေများအတွင်း လက်ရှိ ၊ လက်ငုတ်၊မူလလက်ငုတ်များအနေဖြင့်သိမ်းဆည်းမြေများပြန်လည်ရရှိနိုင်ရန် အာမခံချက်မရရှိနိုင်ကြောင်းတွေ့ရှိရသည်။ ညွှန်ကြားချက်များကို အသက်ဝင်အကောင်အထည်ဖော်မှု အားနည်းနေသေးသည်ကို တွေ့ရှိရသည်။

၃။ ၂၀၁၆ ခုနှစ်နောက်ပိုင်း လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ မှုများချမှတ်ရာတွင်လည်း သိမ်းဆည်းမြေများပြန်လည်ပေးအပ်ရန် ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်မြေစစ်များ၏ မူများရောထွေးလျက်ရှိရာတွင် သိမ်းဆည်းခံမူလလက်ငုတ်တောင်သူများအနေဖြင့် ပြန်လည်ရရှိနိုင်ရန်အတွက် ကြန့်ကြာနိုင်သောအခြေအနေတို့ဖြစ်နေပါသည်။

# အခန်း ၃

## မြေသိမ်းဆည်းမှုပြဿနာများကိုဖြေရှင်းရာတွင် ရရှိနိုင်ဖွယ်ရှိသည့် ရလာဒ်များ

၂၀၁၀ ခုနှစ်မှစတင်ပြီးနောက်ပိုင်း တရားမျှတမှုမရရှိသည့်မြေသိမ်းမှုများကို ခံစားခဲ့ရသူများသည်၎င်းတို့၏ နစ်နာဆုံးရှုံးမှုများကို ပြန်လည်ကုစားရရှိနိုင်ရန် ခေတ်အဆက်ဆက်အစိုးရအသီးသီးမှတရားဝင်ချမှတ်ထားသည့် ကော်မတီ၊ အဖွဲ့အစည်းများအသီးသီးသို့ တိုင်ကြားစာများပို့ကာတရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းဆိုမှုများကိုပြုလုပ်ခဲ့ကြသည်။ ၂၀၁၃ တွင်ဖွဲ့စည်းခဲ့သော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းစစ်ဆေးရေးကော်မရှင်သို့ တိုင်ကြားစာများ ပို့ချိန်မှစတင်ကာ ယခုအချိန်ထိ ၎င်းတို့၏ မြေသိမ်းဆည်းမှုများကို လာရောက်စစ်ဆေးရန် တင်ပြတောင်းဆိုခဲ့သည်။ ထိုသို့တောင်းဆိုရာတွင်ထိခိုက်နစ်နာသူများအနေဖြင့် ပြန်လည်ကုစားမှုများရရှိရန် စနစ်တကျ တောင်းဆိုမှုများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းဆိုနိုင်ရန်အလွန်အရေးကြီးသည်။ တောင်းဆိုရာတွင် မည်သည့်ကုစားနည်း/ရလာဒ်ကိုရယူလိုသည်၊ မည်သည့်ကုစားနည်းသည် ၎င်းတို့၏ မြေယာဆုံးရှုံးခဲ့သည်များကိုပြန်လည်ကုစားနိုင်သည်ဟု သိရှိနားလည်နိုင်သည့်အပေါ်မူတည်ပြီး တင်ပြတောင်းဆိုရမည်ကိုခွဲခြားစွာသိရှိရန်လိုသည်။

မြေသိမ်းခံရခြင်းကြောင့် ဆုံးရှုံးနစ်နာသူများ တင်ပြတောင်းဆိုနိုင်မည့် ကုစားနည်းအမျိုးအစား ၅ မျိုးကိုရှင်းလင်းတင်ပြစေလိုသည်။ သက်ဆိုင်သည့်ဥပဒေ၊ အကိုးအကားများကိုလည်း ဖော်ပြထားပါသည်။

## ၁။ မူလမြေယာဆုံးရှုံးသူမှ ၎င်း၏မြေကို ပြန်လည်အသုံးချခွင့်ရရှိစေရန် လျှောက်ထားတောင်းဆိုခြင်း

### (က) ဒုသမ္မတဦးစီးသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လျှောက်ထားရမည်။

- ၁၈၉၄ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄(၁)၊ ပုဒ်မ ၉(၁) တို့အရ အကြောင်းကြားစာပေးပို့မှုမရှိခြင်း
- ၂၀၁၂ ခုနှစ် မတိုင်မီ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်းဆောင်ရွက်ထားမှုမရှိခြင်း
- ၂၀၁၂ ခုနှစ်နောက်ပိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၂ (ဂ) အရ နိုင်ငံတော်မှပြန်လည်သိမ်းယူခွင့်ရှိသောမြေများနှင့်ပတ်သက်၍ ဆောင်ရွက်မှုမရှိခြင်း
- ၂၀၁၂ ခုနှစ်နောက်ပိုင်း လယ်ယာမြေဥပဒေ ပုဒ်မ ၃၂ အရ – စီမံကိန်းများတွင် လစ်လပ်ပြီး ကျန်ရစ်မြေအားယခင်စိုက်ပျိုးသူများကိုပြန်လည်ပေးအပ်မှုမရှိခြင်း။

(ခ) တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ သိမ်းဆည်းထားသည့်မြေများနှင့် ပတ်သက်၍ စစ်တိုင်းမှူးများနှင့် ကာကွယ်ရေးဦးစီးမှူးထံ လျှောက်ထားနိုင်သည်။

## ၂။ အသိမ်းဆည်းခံရသည့်မြေသည် အသုံးပြုနေသည် ( သို့ ) အဆောက်အဦး စသည်တို့ ဆောက်လုပ်ထားပါက မြေပြန်လည်မရနိုင်သည့်အတွက် လျော်ကြေး၊ နစ်နာကြေး တောင်းခံခြင်း

- ၁၈၉၄ခုနှစ်မြေသိမ်းဥပဒေပုဒ်မ၁၁၊ပုဒ်မ၁၅တို့အရ - **ညှိနှိုင်း၍သဘောတူရာကိုအလျှင်အမြန်ပေးအပ်ရမည်။နှုန်းမသတ်မှတ်ရဟုဥပဒေပြဌာန်းချက်အရဆောင်ရွက်နိုင်သည်။**(စိုက်ပျိုးမြေမှလွဲ၍အခြားအမြေအမျိုးအစားအားလုံးအတွက်ဖြစ်သည်။ )
- စိုက်ပျိုးမြေဖြစ်ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ ၆၇ (က)(၁)(၂)(၃) နှင့် ၆၇ (ခ) (၁)အရ- **ပုံစံ (၁၂) ဖြည့်၍ လျော်ကြေး၊ နစ်နာကြေး တောင်းခံနိုင်သည်။**

## ၃။ မြေသိမ်းခံရသည့်တောင်သူအနေဖြင့် သိမ်းဆည်းခံရသောမြေအားဆက်လက်အသုံးပြုခွင့်မရရှိဘဲသီးခြားမြေတွင် အစားထိုး စိုက်ပျိုးခွင့်ရရှိရန် ပြန်လည်ပေးအပ်ခြင်း

ယခုတောင်းဆိုမှုကို လက်ရှိကျင့်သုံးဆဲဥပဒေများတွင် ပြဌာန်းထားခြင်းမရှိပါ။ မြေသိမ်းဆည်းစဉ်က အစိုးရအဖွဲ့အစည်း၏မူနှင့်သက်ဆိုင်သည်။ ပြည်သူမှရွေးချယ်တင်မြှောက်သည့် အစိုးရအနေဖြင့် နိုင်ငံသားများ၏အခွင့်အရေးအား ကာကွယ်စောင့်ရှောက်သည့်မူများချမှတ်ပြီး ဆောင်ရွက်ပေးရမည်။

- ၂၀၁၁ ခုနှစ် နောက်ပိုင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ( ၃၅၆ )အရ - **နိုင်ငံတော်မှ ကာကွယ်ခြင်း။**
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၄၇ ) အရ - **ဥပဒေအရ တန်းတူအခွင့်အရေးရရှိစေခြင်း။**
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၃၇၇ ) အရ- **နိုင်ငံသား၏ အခွင့်အရေးကို ထိခိုက်နစ်နာပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ခြင်း**
- ၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှု မူကြမ်း အပိုင်း(၅) အရ ရရှိနိုင်သည်။ ( ဥပဒေပြဌာန်းရန်လိုသေးသည်။)
  **မြေကို မတရားသိမ်းဆည်းခံရခြင်း . . . ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည့် . . . ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်အစားထိုး ဖြည့်စည်းပေးခြင်းဆိုင်ရာကိစ္စရပ်များ . . .**

## ၄။ တောင်သူများကလက်ရှိစိုက်ပျိုးထားပြီး သက်ဆိုင်ရာဌာနက စီမံကိန်းမြေအဖြစ်သိမ်းဆည်းထားကြောင်းအကြောင်းပြ၍ ဥပဒေနှင့်အညီ စိုက်ပျိုးခွင့် ( မြေအသုံးချခွင့် ဥပမာ – ပုံစံ – ၇ ) မရရှိပါက သက်ဆိုင်ရာမြေအလိုက် ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခြင်း

(က) ဒုသမ္မတ ဦးစီးသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့တိုင်ကြားစာပို့ရမည်။

- ၁၈၉၄ ခုနှစ်မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄(၁) ၊ ပုဒ်မ ၉(၁)တို့အရ အကြောင်းကြားစာပေးပို့မှုမရှိခြင်း။
- ၂၀၁၂ ခုနှစ်မတိုင်မီက ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၉ အရ – **လယ်ယာမြေကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်းအသုံးချရန် ဆောင်ရွက်ထားမှုမရှိခြင်း။**
- ၂၀၁၂ ခုနှစ်နောက်ပိုင်း မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၂ (ဂ) အရ – **နိုင်ငံတော်မှပြန်လည်သိမ်းယူခွင့်ရှိသော မြေများနှင့်ပတ်သက်၍ ဆောင်ရွက်မှုမရှိခြင်း။**
- ၂၀၁၂ ခုနှစ်နောက်ပိုင်း လယ်ယာမြေဥပဒေ ပုဒ်မ ၃၂ အရ – **စီမံကိန်းများတွင် လစ်လပ်ပြီးကျန်ရစ်မြေအားယခင်စိုက်ပျိုးသူများကို ပြန်လည်ပေးအပ်မှုမရှိခြင်း။**

(ခ) သက်ဆိုင်ရာမြို့နယ် လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေအမျိုးအစားအလိုက်စုံစမ်း၍ သက်ဆိုင်ရာဥပဒေနှင့်အညီ လျှောက်ထားရန်။

- လက်ရှိစိုက်ပျိုးသောမြေသည် လယ်ယာမြေဖြစ်ခဲ့ပါက လက်ဝယ်ရှိသော အထောက်အထားဖြင့် **လယ်ယာမြေဥပဒေ ပုံစံ – ၁ ဖြင့်လျှောက်ထားရန်၊ လယ်ယာမြေဥပဒေ ပုံစံ – ၇ ရရှိသည်အထိ ဆောင်ရွက်ရန်။**
- **စားကျက်မြေ (၁၈၇၆ ခုနှစ်အောက်/ ၁၉၀၇ ခုနှစ်အထက်မြန်မာပြည် မြေနှင့် အခွန်ဥပဒေအရခရိုင်ထွေအုပ်သို့ လျှောက်ထားရန် ။)** လယ်ယာမြေဥပဒေ ပုံစံ – ၁၀ ဖြင့် လျှောက်ထားရန် ၊ လယ်ယာမြေဥပဒေ ပုံစံ – ၇ ရယူရန်။
- **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (ပုံစံ – ၁ ၊ ပုံစံ – ၁(က) ၊ ပုံစံ – ၃ ၊ ပုံစံ – ၄ ) တို့ဖြင့်လျှောက်ထားရန်၊** ပုဒ်မ၁၆ (ခ) အရ (၄) နှစ် စိုက်ရန်၊ လယ်ယာမြေဥပဒေ ပုံစံ – ၁၀ ဖြင့် လျှောက်ထားရန်၊ လယ်ယာမြေဥပဒေပုံစံ – ၇ ရယူရန်။
- **သစ်တောမြေ ( သစ်တောဥပဒေအရ ခရိုင်သစ်တောဦးစီးဌာနတွင်ကင်းလွတ်ခွင့်လျှောက်ရန် )လယ်ယာမြေဥပဒေ ပုံစံ – ၁ ဖြင့် လျှောက်ထားရန်၊** လယ်ယာမြေဥပဒေ ပုံစံ – ၇ ရယူရန်။

၅။ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရကဖြစ်စေ လျော်ကြေး၊ နစ်နာကြေးပေးရန်ဆုံးဖြတ်ထားပါလျက်အချိန်ကာလတစ်ခုအကြာတွင် လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခြင်း မရှိပါက ဆုံးရှုံးသည့်မြေအတွက်သက်ဆိုင်ရာ ဥပဒေနှင့်အညီ ရပိုင်ခွင့်အရ တရားရုံးတွင် တရားစွဲဆိုတောင်းခံခြင်း

ကုစားနည်းအမှတ် ၅ သည် အထက်ဖော်ပြပါ နည်းလမ်းအားလုံး ကြိုးစားဆောင်ရွက်ပြီးသော်လည်း ကုစားဆောင်ရွက်နိုင်ခြင်းမရှိတော့သည့်အခါ နောက်ဆုံးတွင်မှ ပြုလုပ်ရန်ဖြစ်သည်။သို့သော်တရားစွဲဆိုသည့်နည်းလမ်းအားအသုံးမပြုမီ မြေသိမ်းခံရသူများတွင် **လိုအပ်သောစာရွက်စာတမ်းများ ပြည့်စုံမှသာ** ယခုနည်းလမ်းကိုအသုံးပြုသင့်ပါသည်။ ပြင်ဆင်ရန်လိုအပ်သောစာရွက်စာတမ်းများမှာ တိုင်း/ ပြည်နယ်အဆင့်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ စုံစမ်းစစ်ဆေးခြင်းနှင့် သဘောထားမှတ်ချက်တင်ပြထားမှုအပေါ် ဗဟိုအဆင့်ကော်မတီမှ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်သည့် စာရွက်စာတမ်းမိတ္တူများ လက်ဝယ်ရယူထားရမည်။ အမှုအပေါ်ဗဟိုကော်မတီကထုတ်ပြန်သည့်ညွှန်ကြားချက်အတိုင်း လိုက်နာမှုမရှိသည့် ကော်မတီအဆင့်ဆင့်နှင့် သက်ဆိုင်ရာဌာနများအား တရားစွဲဆိုခြင်းဖြစ်သောကြောင့် တရားစွဲဆိုမည့် မြေသိမ်းခံရသူများမှ သေချာခိုင်မာသည့် အထောက်အထားများစုဆောင်းထားရန်အရေးကြီးပါသည်။ (ကြုံတွေ့နိုင်သောအခက်အခဲများနှင့် တရားစွဲဆိုနိုင်ရန် ပြင်ဆင်မှုများကို အခန်း ၅ ၏အခြားနည်းလမ်း (၄) တရားစွဲဆိုခြင်းတွင်လေ့လာနိုင်ပါသည်။)

- ညွှန်ကြားချက်များအား မလိုက်နာသည့်အတွက်ဥပဒေနှင့်အညီ လျော်ကြေး၊ နစ်နာကြေး မရရှိသေးသောကြောင့် ဒုသမ္မတဦးစီးသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ **ထပ်မံ၍** တိုင်ကြားစာပို့ရန်။
- မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာဥပဒေ ပုဒ်မ၁၃(၃)၊ တရားမနစ်နာမှု ဥပဒေ တို့အရ – တရားစွဲဆိုခွင့်ရှိသည်။နိုင်ငံသားများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၁၇ အရ – တရားစွဲဆိုခွင့်ရှိသည်။
- တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀၊ ပုဒ်မ ၁၉ တို့ အရ – တရားစွဲဆိုနိုင်သည်။

# အခန်း ၄

## အမှုဖြစ်စဉ်အား စနစ်တကျလေ့လာခြင်းနှင့် အချက်အလက်စုဆောင်းခြင်း

ယခုအခန်းသည် မြေသိမ်းဆည်းခံရသောတောင်သူများနှင့် ပြည်သူများအား ကူညီဖြေရှင်းပေးနေသော ဥပဒေအထောက်အကူပြုသူများမှ တရားမျှတမှုအားပြန်လည်တောင်းဆိုနိုင်ရန် ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပထမဆုံးစတင်လုပ်ဆောင်ရမည့် အပိုင်းဖြစ်သည်။ အချို့သော တင်ပြတောင်းဆိုမှုများတွင် အချက်အလက်မခိုင်လုံခြင်း၊ မပြည့်စုံခြင်းများ၊ လွဲမှားတင်ပြတောင်းဆိုမှုများရှိနေသည့်အတွက် သက်ဆိုင်ရာကော်မတီများ၊ တာဝန်ရှိသူများအနေဖြင့် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိကာကုစားနည်းများရရှိရန် လိုအပ်သည်ထက် ပိုမိုကြာမြင့်သည်များကို တွေ့ရှိရသည်။ ၎င်းတို့တွင်ရှိသောအထောက်အထား အချက်အလက်များကို စနစ်တကျပြုစုခြင်း၊ လေ့လာစုဆောင်းခြင်းများ၊ မည်ကဲ့သို့ အမှုတွဲတည်ဆောက်ရမည်ဆိုသည့် လမ်းညွှန်ချက်များအား ပြုစုတင်ပြထားပါသည်။ ထိုသို့အမှုတွဲတည်ဆောက်ရာတွင် ကြုံတွေ့နိုင်သောအခက်အခဲများနှင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို လေ့လာအသုံးပြုနိုင်ရန်တင်ပြထားပါသည်။

## (၁) မြေသိမ်းခံရသည့် အချင်းဖြစ်ပွားရာဒေသကို စနစ်တကျ ကွင်းဆင်းမေးမြန်း၊ စုံစမ်းကာ မြေသိမ်းခံရသူများနှင့်ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့်အချက်အလက်ကောက်ယူခြင်း

မြေသိမ်းခံရသူများနှင့် တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့၏လက်ဝယ်တွင်ရှိသော အထောက်အထားများကိုရနိုင်သမျှကောက်ယူရန် အလွန်အရေးကြီးသည်။ လိုအပ်သည့်အထောက်အထားများမှာ -

ယခင်ကစိုက်ပျိုးထားသော -

<u>လယ်ယာမြေဖြစ်ပါက</u>

- မြေခွန်ပြေစာ
- သီးစားစာအုပ်
- စိုက်ဘဏ်စာအုပ်
- မြေစာရင်းပုံစံ (၁၀၅)

<u>သစ်တောမြေဖြစ်ပါက</u>

- သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသော အစုအဖွဲ့ပိုင်စိုက်ခင်း
- သစ်တောဦးစီးဌာနမှ ခွင့်ပြုသော ပုဂ္ဂလိကပိုင်စိုက်ခင်း
- သစ်တောဦးစီးဌာနမှ ခွင့်ပြုသော ကျေးရွာစိုက်ခင်း
- သစ်တောဦးစီးဌာနမှ ခွင့်ပြုသော ရောနှောစိုက်ခင်း
- စီမံကိန်းဌာနမှ ခွင့်ပြုချက်

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်ပါက

- ၁၉၉၁ ခုနှစ် ဗဟို မြေလွတ်၊ မြေလပ်၊ မြေရိုင်းကော်မတီ၏ ခွင့်ပြုထားသောအထောက်အထားများ ( ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ မပြဋ္ဌာန်းမီက )
- ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ ၁ ဖြင့် ခွင့်ပြုထားသောသီးနှံစိုက်ခင်း
- ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ ၁ – က ဖြင့်ခွင့်ပြုထားသော နှစ်ရှည်ပင်စိုက်ခင်း
- ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ ၂ ဖြင့် ခွင့်ပြုထားသောမွေးမြူရေးလုပ်ငန်း
- ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ ၃ ဖြင့် ခွင့်ပြုထားသောသတ္တုတွင်းလုပ်ငန်း
- ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုကော်မတီမှ ပုံစံ ၄ ဖြင့် ခွင့်ပြုထားသောအခြားလုပ်ငန်း

စားကျက်မြေဖြစ်ပါက

- ရပ်ကျေးအုပ်ချုပ်ရေးနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရုံးတွင် ကျူးကျော်ခွန် ဆောင်ထားသော အထောက်အထား

မြေနုကျွန်းဖြစ်ပါက

- မြေနုကျွန်းနှင့်သက်ဆိုင်သော ကျူးကျော်ခွန်အထောက်အထား

မြို့မြေဖြစ်ပါက

- မြေဌားဂရမ်စာချုပ်
- ဘိုးဘွားပိုင် အထောက်အထား
- လိုင်စင်မြေဖြစ်ကြောင်းအထောက်အထား

ရွာမြေဖြစ်ပါက

- ပြည်ထဲရေးဝန်ကြီးဌာန၏ပြန်တမ်းအမိန့်
- ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်အထောက်အထား ( မြေကွက်သတ်မှတ်ခြင်း၊ အိမ်နံပါတ်သတ်မှတ်ခြင်း )

ဘုံမြေ၊ ကန်မြေ၊ သုသာန်မြေ၊ အခွန်လွတ်သာသနာ့မြေဖြစ်ပါက

- ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်အထောက်အထား

အထောက်အထားမရှိသူများနှင့် အထောက်အထားပျောက်ဆုံးနေသူများ ဖြစ်ပါက

- ယာနီးချင်းသက်သေလက်မှတ် ( မြေသိမ်းခံရသူ၏ အိမ်နီးချင်း/ လယ်နီးချင်းများထံ အကူအညီတောင်းကာမြေသိမ်းဆည်းခံရသူသည် ယခင်က ၎င်းတို့ နှင့်အတူလယ်ယာလုပ်ကိုင်သူ ( သို့ ) အိမ်နီးချင်းဖြစ်ကြောင်း၊သိမ်းဆည်းခံရစဉ်က ၎င်းတို့ သိရှိကြောင်း၊ အသိသက်သေဖြစ်ကြောင်း ထောက်ခံရေးသားထားသည့်စာ)
- ကျေးရွာအာဏာပိုင်သက်သေထံမှ ထောက်ခံစာ တောင်းယူခြင်း

✓ သိမ်းဆည်းစဉ်ကတာဝန်ယူခဲ့သည့်ကျေးရွာအာဏာပိုင်သက်ရှိထင်ရှားရှိနေဆဲဆိုလျှင်၎င်းတာဝန်ယူစဉ်ကာလအတွင်း ထိုသိမ်းဆည်းမှုအား ၎င်းသိရှိသည်၊ ထိုမြေသိမ်းဆည်းခံရသူမှာ အမှန်တကယ် သိမ်းဆည်းခံရပါသည်ဟု အဆိုပြုသည့် သက်သေစာ )

✓ ယခုအချိန်တွင် တာဝန်ယူနေသော ကျေးရွာအာဏာပိုင်၏ မြေသိမ်းခံရသူအား အသိအမှတ်ပြု မှန်ကန်ကြောင်း ထောက်ခံစာ

အခြားလိုအပ်သောအထောက်အထားများဓါတ်ပုံအထောက်အထားများ

- အသိမ်းခံရသည့်မြေကိုလက်ရှိအသုံးပြုနေသောပုံစံအားတင်ပြနိုင်ရန်(မူလသိမ်းဆည်းစဉ်ရည်ရွယ်ချက်အတိုင်းအသုံးပြုထားခြင်း/အသုံးမပြုထားခြင်း၊ ခြံစည်းရိုးခတ် ထားခြင်း/ မခတ်ထားခြင်း သက်သေ )
- မြေသိမ်းခံထားရပါက အသိပေးအကြောင်းကြားစာ၊ လျော်ကြေး၊ နစ်နာကြေး လက်ခံရယူထားခြင်းရှိ၊ မရှိ သက်သေအထောက်အထား

## ကြုံတွေ့နိုင်သော အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ

- သိမ်းဆည်းခဲ့သည့် အချိန်ကာလပေါ်မူတည်ပြီး အချက်အလက်များ မှန်ကန်စွာရရှိနိုင်ရန် ခက်ခဲခြင်း၊(သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးရုံးတွင် အထောက်အထား၊ မြေအမျိုးအစားနှင့် လက်ရှိအခြေအနေကိုစုံစမ်းနိုင်သည်။ )
- အသိမ်းဆည်းခံ မြေဧရိယာ အတိအကျပြောဆိုနိုင်မှု အားနည်းနိုင်ခြင်း (တတ်နိုင်သမျှ အနီးစပ်ဆုံး ဧရိယာအကျယ်အဝန်းကိုတွက်ချက်တင်ပြပါ။ )
- မြေသိမ်းဆည်းခံရ သူများအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တညီတညွတ်တည်း တောင်းဆိုနိုင်ရန်စုစည်းမှုခက်ခဲနိုင်ခြင်း။

တစ်ဦးထက်ပိုမိုသော မြေသိမ်းဆည်းမှုဖြစ်ပါက ထိခိုက်နစ်နာသော မြေသိမ်းဆည်းခံရသူများ စုစည်းဆောင်ရွက်ပါက အမှုဖြေရှင်းရာတွင် ပိုမိုထိရောက်အားကောင်းစေနိုင်သည်ဟု ဥပဒေအထောက်အကူများ၏ အတွေ့အကြုံများအရလေ့လာရသည်။

## ၂။ သက်ဆိုင်ရာမြေစာရင်းဦးစီးရုံးတွင် အသိမ်းခံရသည့်မြေ၏ ရာဇဝင်၊ လက်ရှိအခြေအနေကို စုံစမ်းခြင်း

- သိမ်းဆည်းထား သောမြေ အားလက်ရှိ မည်သည့်မြေအမျိုးအစားဖြစ်ကြောင်း စုံစမ်းရန်
- အသိမ်းခံရစဉ်က ဘယ်လိုမြေအမျိုးအစားလဲ
- လက်ရှိတွင်ထိုမြေသည် မည်သည့် အမည်ပေါက်ရရှိထားသလဲ
- မည်သူအသုံးပြုခွင့်ရှိသလဲ
- လက်ရှိအသုံးပြုလျက်ရှိ သော မြေ အမျိုးအစားအလိုက်အထောက် အထား မည်သူ့ထံတွင်ရှိသလဲ

### ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများ

- ဌာနဆိုင်ရာများမှ အကြောင်းပြချက် မျိုးစုံပေးနိုင်ခြင်း (မြို့နယ်မြေစာရင်းရုံးနှင့် ဥပဒေအထောက်အကူပြုသူ အကြားယုံကြည်မှုတည် ဆောက်ထားခြင်းမရှိပါက အချက်အလက်ရရှိရန်ခက်ခဲနိုင်သည်။ )
- မြေစာရင်းမြေပုံ မှန်ကန်စွာရရှိနိုင်ရန်ခက်ခဲနိုင်ခြင်း
- စုံစမ်း၍မရနိုင်ပါက စာရွက်စာတမ်းကူးယူခွင့်အနေဖြင့် ပေါ်စာရေးကာတင်ပြတောင်းဆိုနိုင်သည်။ အချက်အလက်ကို စာရေးသား တောင်းဆိုရာတွင် တင်ပြမည့်စာတွင် မြေသိမ်းခံရသူကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြရမည်။ စာတင်ပြသည့်ရုံးတွင် စာလက်ခံရရှိကြောင်း စာဝင်နံပါတ်နှင့်ရက်စွဲအထောက်အထားယူဆောင်လာရန်။ ( လူကိုယ်တိုင်ပေးပို့ခြင်း ) နှင့် စာတိုက်မှ Register လုပ်၍ပေးပို့ခြင်း )စာတင်သည့်အချိန်မှစတင်ပြီး ၂ ပတ်ကာလခန့်စောင့်ဆိုင်းသင့်သည်။
- ထိုသို့ရေးသားသော်လည်းအကြောင်းပြန်ကြားမှုမရှိခြင်းနှင့် အချက်အလက်ကူးယူခွင့်မရပါက ဥပဒေအထောက်အကူပြုသည်ရှေ့နေ၏ အကြံဉာဏ်ရယူကာ နစ်နာသူကိုယ်တိုင်၏လက်မှတ်ဖြင့်အာဏာပေးစာချွန်တော်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ လျှောက်ထားရမည်။ အချိန် ၂ လမှ ၄ လ အတွင်း သတင်းအချက်အလက်ရရှိနိုင်ပါသည်။

## ၃။ အမှုတည်ဆောက်ခြင်း

- မြေသိမ်းခံရသူသည် တစ်ဦးထက်ပိုပါက စုပေါင်းအမှုတွဲတစ်ခုတည်ဆောက်ကာ တင်ပြတောင်းဆိုခြင်းသည်ပိုမိုကောင်းမွန်သည်။
- စုပေါင်းအမှုတွဲတည်ဆောက်ရာတွင် ပါဝင်သော မြေသိမ်းဆည်းခံရသူ တစ်ဦးချင်း၏ အမည်၊ သိမ်းဆည်းခံရသည့်မြေဧရိယာ (ဧရိယာအတိအကျမဖော်ပြနိုင်ပါကလည်း အနီးစပ်ဆုံး ဖော်ပြရန် ) နှင့်လက်မှတ်များကိုစုစည်းကောက်ယူပါ။
- ပြန်လည်ရယူလိုသည့် လျော်ကြေးနှင့် နစ်နာကြေး (သို့) မြေသာပြန်လိုချင်သည် ( သို့ ) အစားထိုးမြေလိုချင်သည်ဆိုသည့် တောင်းယူလိုသည့် ဆန္ဒများကို အများသဘောတူကောက်ယူပါ။

- ဥပဒေအထောက်အကူပြုသူ ( သို့ ) တက်ကြွစွာပါဝင်နိုင်သော မြေသိမ်းခံရသူများ၊ ၄င်းတို့၏ အမှုကိုကိုယ်စားပြုလိုက်ပါဆောင်ရွက်မည့်သူများမှ ထိုအမှုတွင်ပါဝင်သော မြေသိမ်းခံရသူများကို တညီတညွတ်တည်းစုစည်းခြင်း၊ အများသဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း စသည်တို့ကို အချိန်ယူကာလုပ်ဆောင်ရမည်။
- မြေသိမ်းခံရသူတစ်ဦးချင်းတွင် ၄င်းတို့ ဆုံးရှုံးခဲ့သည့် မြေဧရိယာများအလိုက် မှန်ကန်ပါသည်ဆိုသည့်အချက်ကို လက်မှတ်ရယူကာ မှတ်တမ်းပြုစုထားရန် အရေးကြီးပါသည်။ မြေပြန်လည်စွန့်လွှတ်ပြီးနောက် မြေဧကခွဲဝေ လွှဲပြောင်းပေးရာတွင်
- အငြင်းပွားမှုများကို ရှောင်ရှားနိုင်ရန်ဖြစ်သည်။ တရားမျှတမှုကို ပြန်လည်တောင်းဆိုရာတွင်ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ အခက်အခဲများကို မြေသိမ်းခံရသူများကိုယ်တိုင် ရှင်းရှင်းလင်းလင်း နားလည်သိရှိနိုင်မှသာ မလိုလားအပ်သောပြဿနာများကို ရှောင်ရှားနိုင်မည်။
- အထက်ဖော်ပြပါလုပ်ငန်းများကို တက်တက်ကြွကြွနှင့် အစဉ်အဆက်လုပ်ဆောင်မည့်သူများကို လည်းအများသဘောတူရွေးချယ်ကာ ကုန်ကျစရိတ်များကိုလည်း တွက်ချက်ထားသင့်သည်။

## ၄။ သက်ဆိုင်ရာကော်မတီ၊ အစိုးရဌာနများသို့ တိုင်ကြားစာပို့ခြင်း

*လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့တိုင်ကြားစာပို့ခြင်း*

➤ ထိုကော်မတီသည် ယခုအချိန်တွင် မြေသိမ်းဆည်းမှုပြဿနာများ ကိုစုံစမ်းစစ်ဆေးနိုင်ရန်နိုင်ငံတော်အစိုးရမှ မူဝါဒအရဖွဲ့စည်းထားသော တစ်ခုတည်းသောကော်မတီဖြစ်ကာ ထိုကော်မတီကို ဗဟို၊တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကျေးအဆင့်ဆင့်များအနေဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထို့ကြောင့်မြေသိမ်းဆည်းမှုတိုင်းသည် ထိုကော်မတီသို့သာတိုင်ကြားရမည်ဖြစ်သည်။ တိုင်ကြားစာများပို့ရာတွင်ဗဟိုအဆင့်သို့ တိုက်ရိုက်တိုင်ကြားစာ ပေးပို့သင့်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့ထံအထက်တွင်ဖော်ပြထားသော မြေအမျိုးအစားအလိုက် တင်ပြနိုင်သော အထောက်အထားများနှင့် အတူမိတ္တူများ ပို့ဆောင်သင့်သည်။ အထောက်အထားမရှိသူများနှင့် အထောက်အထား ပျောက်ဆုံးနေသူများဖြစ်ပါကလည်း အထက်တွင်ဖော်ပြထားသည့် အတိုင်း မြေသိမ်းခံရသူသည် ယခင်မြေကို အသုံးချခဲ့ပါသည်ဆိုသည့် အခြားအထောက်အထားများကို စုဆောင်းတင်ပြရမည်။ Namati Myanmar မှ ဥပဒေ အထောက်အကူပြုသူများ၏ အတွေ့အကြုံများအရ စာပို့ပြီးအချိန် ၂ လခန့်အတွင်း စောင့်ဆိုင်းရမည်။ ၂ လပြည့်၍ သက်ဆိုင်ရာကော်မတီများမှထိခိုက်နစ်နာသူများထံလာရောက်ကွင်းဆင်းစုံစမ်းစစ်ဆေးဆောင်ရွက်ပေးခြင်းမရှိပါက ထပ်မံ၍ တိုင်ကြားစာပို့ကာလျှောက်ထားရမည်။

## ကြုံတွေ့နိုင်သောအခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့် ပုံစံများ

- တိုင်ကြားစာများပို့ထားသော်လည်း စာရရှိကြောင်း သက်ဆိုင်ရာကော်မတီမှ အကြောင်းမပြန်ခြင်း၊လာရောက်စုံစမ်းစစ်ဆေးပါမည်ဆိုသည့် အကြောင်းမသိရှိရခြင်းများကြုံတွေ့ရမည်။
- တိုင်ကြားစာများ မရောက်ရှိခြင်း၊ ပျောက်ဆုံးခြင်းများမရှိစေရန် တိုင်ကြားလျှောက်ထားရာတွင် ကိုယ်တိုင်ပို့ကာစာဝင်နံပါတ်ရယူခြင်းဖြစ်စေ၊ စာတိုက်မှ Register လုပ်၍ဖြတ်ပိုင်းရယူခြင်းဖြစ်စေ ပို့ဆောင်သင့်သည်။ တိုင်ကြားစာပို့ခြင်းကို လေ့လာနိုင်ရန် ဥပမာအနေဖြင့် တိုင်ကြားစာတစ်စောင်ကို တင်ပြထားပါသည်။

  တိုင်ကြားစာကို မလိုအပ်ပဲ ရှည်လျားစွာ မရေးသားသင့်ပါ။ ခံစားချက်ကို ဖော်ပြတာမျိုးမဟုတ်ပဲ၊ နစ်နာဆုံးရှုံးမှုကိုသာဖော်ပြပြီး တရားမျှတစွာဖြစ်ရမည့် အကြောင်းတရားကို ပေါ်လွင်စွာရေးသားပေးရန် အရေးကြီးပါသည်။

# လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြခဲ့သည့် တိုင်ကြားစာတစ်စောင်

30 SEP 2016

သို့

ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ
ဒုသမ္မတရုံး
နေပြည်တော်။

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်။

အကြောင်းအရာ။ ။ **အမှတ် (၅) ကာကွယ်ရေးပစ္စည်းစက်ရုံမှ သိမ်းဆည်းထားသောလယ်မြေများအား ပြန်လည် စွန့်လွှတ်ပေးရန် ကိစ္စ။**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ လေးစားစွာတင်ပြအပ်ပါသည်။ ကျွန်မတို့သည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပဲကြီးအုပ်စု၊ လှည်းကူးအုပ်စုများမှ ဒေသခံတောင်သူလယ်သမားများ ဖြစ်ကြပါသည်။ ဒေသခံ မားမဦးရွာ တောင်သူ စုစုပေါင်း (၈၀) ဦးပိုင်ဆိုင်သော လယ်ယာမြေစုစုပေါင်း (၂၆၀.၈၉) ဧကအား ၁၉၈၉ ခုနှစ်တွင် အမှတ်(၅) ကာကွယ်ရေးပစ္စည်းစက်ရုံမှ တပ်မိသားစု စားနပ်ရိက္ခာ ဖူလုံရေးနှင့် အစုဂဏ် စီမံကိန်းအတွက် ဟုဆိုကာ လျော်ကြေးနစ်နာကြေးမပေးဘဲ ဥပဒေမဲ့စွာဖြင့် သိမ်းယူခဲ့ပါသည်။ လယ်မြေများသည် စက်ရုံနှင့် အလှမ်းဝေးကွာပါသည်။ ၎င်းလယ်မြေများအား ၁၉၈၉ ခုနှစ်မတိုင်မီမှ ယနေ့ အချိန်ထိ ကာကွယ်ရေး ပစ္စည်းစက်ရုံမှ မည်သည့်စီမံကိန်းမျှ ဆောင်ရွက်ခြင်းမရှိဘဲ တောင်သူလယ်သမားများသာ ဘိုးဘွားစဉ်ဆက် တစ်ဦးချ ထွန်ယက် စိုက်ပျိုးလျက်ရှိပါသည်။ သို့သော် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ခွင့်မရဘဲ ဥပဒေပါ အခွင့်အရေးများ ဆုံးရှုံးနေရပါသည်။

ယခု ပြဿနာနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်၊ မတ်လ (၂၆) ရက်စွဲဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ အဆင့်ဆင့်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေး ကော်မရှင်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တို့သို့ တင်ပြထားပါသည်။ တဖန် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက် ရက်စွဲဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် ဗဟို တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့သို့ လယ်ယာမြေများ ပြန်လည် စွန့်လွှတ် ပေးရေးအတွက် တင်ပြတိုင်ကြားထားပါသည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၃) ရက်ရက်စွဲဖြင့် ပူးတွဲပါစာအတိုင်း ကာ၊၀၊စ (၅) မှ လနစ (၁၉) အရ ဟုဆိုကာ တောင်သူလယ်သမားများအား စာချုပ်ချုပ်ရန် ခေါ်ယူခဲ့ပါသည်။ တောင်သူလယ်သမားအချို့မှာ ကြောက်ရွံ့၍ လက်မှတ်ထိုး စာချုပ်ချုပ်ဆိုခဲ့ကြရပါသည်။ စာချုပ်မချုပ်ဘဲ ကျန်ရှိသည့် တောင်သူများအား ကျူးကျော်သူအဖြစ် မှတ်ယူ၍ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၆) ရက်နေ့တွင် ထပ်မံ အကြောင်းကြား လာပါသည်။ တောင်သူလယ်သမားများမှာ လုပ်ငန်းခွင် မလုံခြုံမှုများ ခံစားနေကြရပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၁) ပုဒ်မ (၃၇)တွင် **"နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိသယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်"** ဟု ပြဋ္ဌာန်း ထားပါသည်။ ထို့ကြောင့် လယ်မြေများသည် နိုင်ငံတော်ပိုင်သာဖြစ်ပါသည်။ တပ်ပိုင်လယ်မြေ မဟုတ်ပါ။ ကာ၊၀၊စ

(၅)မှ လက (၃၉) အရဆိုလျှင် အခြားနည်း အသုံးပြုရမည် ဖြစ်ပါသည်။ ယခုအခါ လက (၃၉) အရ ထိုလယ်မြေများအား တပ်ပိုင်မြေဟုဆိုကာ မူလ တားမြစ်ချထောင်သူများအား (၁) နှစ်လုပ်ပိုင်ခွင့် စာချုပ်ချုပ်၍ လက်မှတ်ထိုး လုပ်ကိုင်စေသည်မှာ အခြားနည်းအသုံးမပြုကြောင်း ထင်ရှားပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ အမှတ် (၅) ကာကွယ်ရေးပစ္စည်းစက်ရုံ (ကျမြိုင်) မှ သိမ်းဆည်းထားပြီး အခြားနည်းအသုံးမပြုဘဲ လှည်းကူးအုပ်စုနှင့် ပဲကြီးအုပ်စုရှိ မူလလက်ငုတ်တောင်သူများ လက်ငုတ်မပျက် နှစ်စဉ် ထွန်ယက်စိုက်ပျိုးလျက်ရှိသည့် ကွင်းအမည်- စိုင်တောင်၊ ကွင်းအမှတ် - ၂၁၄၊ ကွင်းအမည် - ဖိုးမြူကွင်း၊ ကွင်းအမှတ် - ၂၃၂၊ ကွင်းအမည် - တောင်မောက်၊ ကွင်းအမှတ် - ၂၀၇ ရှိ (၉၆.၅၃) ဧကား ကွင်းအမည် - ရေတွင်းကွင်း၊ ကွင်းအမှတ် - ၂၂၃၊ ကွင်းအမည် - တာရင်ကွင်း၊ ကွင်းအမှတ် - ၂၂၄၊ ကွင်းအမည် - ရွှေပန်းတော၊ ကွင်းအမှတ် - ၂၀၆၊ ကွင်းအမည် - ရွှေဂူကျောက်မြောင်း၊ ကွင်းအမှတ် - ၂၀၈ တို့ရှိ လယ်ယာမြေ (၁၆၄.၃၆) ဧက မှ စုစုပေါင်း လယ်ယာမြေ (၂၆၀.၈၉) ဧကအား ၂၀၁၂ လယ်ယာမြေဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့် ရရှိရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

သိမ်းဆည်းခံတောင်သူလယ်သမားများ ကိုယ်စား

သရက်ခုံကျေးရွာ၊

လှည်းကူးအုပ်စု

ပန်းတောင်းမြို့နယ်။

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်။
- ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်။
- တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ပဲခူးမြို့။
- ဒေါ်ဖင်မိုးထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပန်းတောင်းမြို့နယ်။
  ဒေါ်ပပဟန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ပန်းတောင်းမြို့နယ်။
- ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ပြည်ခရိုင်။
- မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီပန်းတောင်းမြို့နယ်။
- ရပ်ကျေးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ပဲကြီးအုပ်စု၊ လှည်းကူးအုပ်စု။
- ပန်းတောင်းမြို့နယ်တောင်သူလယ်သမားသမဂ္ဂ၊ ဥသျှစ်ပင်မြို့။
- လက်ခံ။

Namati Myanmar ၏ ဥပဒေအထောက်အကူများ၏ အတွေ့အကြုံများအရ ယခုအချက်အလက်များသည် အမှုကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် များစွာပံ့ပိုးသည်များကိုတွေ့ရှိရပါသည်။ သို့ပေမယ့် ထိုပိုင်ဆိုင်မှု စာရွက်စာတမ်းများသည် ထိုမြေကို အသုံးချခဲ့ကြောင်း၊ အခွန်ထမ်းဆောင်ခဲ့ကြောင်း စသည်တို့ကို သက်သေထူပေးနိုင်သော်လည်း မြေသိမ်းခံရသူတို့ ဆုံးရှုံးခဲ့ရသည့် ရပိုင်ခွင့်များအား ပြန်လည်ရရှိနိုင်မည်ဆိုသော အာမခံချက်ကို မပေးနိုင်ပါ။ [၂]

မြေသိမ်းဆည်းခြင်းခံရသူ၏ အထောက်အထား၊ လက်ရှိအခြေအနေနှင့်သိမ်းဆည်းထားသောမြေ၏ အထောက်အထား၊ လက်ရှိအခြေအနေများအပေါ် လေ့လာသုံးသပ်ပြီး မြေသိမ်းဆည်းခံရသူများအတွက်မြေပြန်ရရန်ဖြစ်စေ၊ လျော်ကြေး၊ နစ်နာကြေးရရန်ဖြစ်စေ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးဖို့ လိုသည်။ နစ်နာသည့် နိုင်ငံသားအတွက် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သော နိုင်ငံသားအခွင့်အရေး၊လူ့အခွင့်အရေးများ၊ ရသင့်သော ဥပဒေအကာအကွယ်များ ရရှိစေရန် ကူညီစောင့်ရှောက်ပေးရမည်ဖြစ်သည်။

---

[၂] မြန်မာနိုင်ငံတွင် မြေယာလုပ်ကိုင်ခွင့်များ ခိုင်မာပြီဟုဆိုနိုင်သည့် အထောက်အထားများ မလုံလောက်သေးပါ။ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာသည့် လုပ်ထုံးလုပ်နည်းများ လိုအပ်နေပါသေးသည်။ Namati Innovations In Legal Empowerment၊ ဇန်နဝါရီလ၊ ၂၀၁၇

# အခန်း ၅

## မြေသိမ်းဆည်းမှုများအားဖြေရှင်းရာတွင် အသုံးချနိုင်သည့်နည်းလမ်းများ

မြေသိမ်းဆည်းမှု အမှုတစ်မှုချင်းစီတွင် မတူညီသော နောက်ခံသမိုင်းနှင့် အခြေအနေကွဲပြားမှုများရှိပါသည်။ အောက်ဖော်ပြပါနည်းလမ်းများသည် *Namati Myanmar* မှဥပဒေ အထောက်အကူပြုများမှ အသုံးချဆောင်ရွက်နေသော နည်းလမ်းများဖြစ်သော်လည်း မိမိတို့ကြုံတွေ့နေရသော မြေသိမ်းဆည်းမှုများနှင့် အံဝင်ခွင်ကျ ဖြစ်ကာဖြေရှင်းနိုင်မည်ဟု မထင်မှတ်စေလိုပါ။ ကိုးကားနိုင်ရန်၊ အခြားသူများဖြေရှင်းခဲ့ပုံများကို နားလည်သိမြင်နိုင်ကာအသုံးချနိုင်စေရန် ရည်ရွယ်ပြီး ပြုစုထားခြင်းဖြစ်သည်။ ဥပမာ တင်ပြထားသောအမှုများသည် အဖြစ်များသောပုံစံများ၊ ဖြစ်နိုင်ချေရှိသော ဖြေရှင်းနည်း နည်းလမ်းများကို တင်ပြထားခြင်းသာဖြစ်သည်။ ယခု ဥပမာပေးကာတင်ပြ ထားသောအမှုများ၊ ဖြေရှင်းပုံများနှင့် မတူကွဲပြားသည့်ဖြေရှင်းပုံစံများ၊ အတွေ့အကြုံများလည်း ရှိနေနိုင်ပါသေးသည်။

မြေသိမ်းဆည်းခြင်းခံရသော ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တိုင်စာများလက်ခံကာ စုံစမ်းစစ်ဆေးပေးလျှက်ရှိပါသည်။ ထိုကော်မတီအဆင့်ဆင့်ဖြင့် စုံစမ်းစစ်ဆေးကာဖြေရှင်းခဲ့သော မြေသိမ်းမှုတစ်မှုအား လေ့လာနိုင်ရန် တင်ပြလိုက်ပါသည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ်</u>

၁၉၈၀ ခုနှစ်တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်ဓါတုဗေဒလုပ်ငန်း မြေဩဇာစက်ရုံမှမကွေးတိုင်းဒေသကြီးမှ တောင်သူ ၂၅ ဦး၏ လယ်ယာမြေဧက (၈၀၀) ကျော်သိမ်းဆည်းခဲ့ပါသည်။ ထိုသို့သိမ်းယူခဲ့သော မြေများအတွက် နိုင်ငံတော်က နှစ်စဉ် မြေခွန်ပြေစာများထုတ်ပေးခဲ့ကာ တောင်သူများမှအခွန်ထမ်းဆောင်ခဲ့ကြပါသည်။ မြေဩဇာစက်ရုံ တည်ဆောက်ပြီး ၄ နှစ်ခန့်မျှ စက်ရုံအားလည်ပတ်၍ဓါတ်မြေဩဇာများထုတ်လုပ်နိုင်ခဲ့သော်လည်း ၂၀၀၀ ခုနှစ်နောက်ပိုင်းမှစ၍ ယနေ့ အချိန်ထိ စက်ရုံလည်ပတ်မှုရပ်နားထားခဲ့ရသည်မှာ ယနေ့ အချိန်ထိဖြစ်ပါသည်။ယခင်စက်ရုံတွင်လုပ်ကိုင်ဆောင်ရွက်နေသည့်ဝန်ထမ်းများကိုပင်အခြားသော စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများထံသို့ လွှဲပြောင်းခန့်အပ်ထားခြင်းနှင့် စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်းလုပ်ဆောင်နေသော ကုမ္ပဏီများထံသို့ လွှဲပြောင်းခန့်အပ်ထားခြင်းများရှိလာခဲ့ပါသည်။ စက်ရုံတည်ဆောက်ပြီး ပိုလျှံမြေများကို စက်ရုံမှ သိမ်းဆည်းခံမဟုတ်သော စက်ရုံဝန်ထမ်းများကို သီးစားချထားလုပ်ကိုင်စေခဲ့ပါသည်။ အဆိုပါသိမ်းခံမြေများအတွက် ၂၀၁၄ ခုနှစ်မှ စတင်၍ ဥပဒေအထောက်အကူပြုသူ မှကူညီဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ၄ နှစ်ကာလခန့် ကြာမြင့်စွာ ဖြေရှင်းဆောင်ရွက်ခဲ့ရသောအမှုဖြစ်ပါသည်။

၁။ ၂၀၁၄ ခုနှစ် ဇူလိုင်လ (၂၂) ရက်နေ့တွင် ယခင်အစိုးရလက်ထက် လယ်/ဆည်ဝန်ကြီး ဦးမြင့်လှိုင်ထံသို့လိပ်မူ၍ ဒေသခံတောင်သူများ၏ လယ်ယာမြေများအား ခါတ်မြေသြဇာစက်ရုံမှသိမ်းယူခဲ့ပြီး စက်ရုံဝန်ထမ်းများကိုသီးစားခပေး လုပ်ကိုင်စေသည့်အတွက် မြေသိမ်းခံရသူများမှ တင်ပြတိုင်ကြားခဲ့ပါသည်။

၂။ ၂၀၁၄ ခုနှစ်ဒီဇင်ဘာ (၁၂) ရက်နေ့တွင် ခါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသောမြေယာများအားပြန်လည်လုပ်ကိုင်ခွင့် ရလိုကြောင်း မြေသိမ်းခံရသူများက မြို့နယ်အဆင့် တာဝန်ရှိသူများထံ တင်ပြလျှောက်ထားခဲ့သော်လည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၁၁) ရက်ရက်စွဲဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌလက်မှတ်ဖြင့် ခါတ်မြေသြဇာစက်ရုံမှူးထံ အကြောင်းကြားစာပြန်လည်ပေးပို့ခဲ့ပါသည်။

၃။ ၂၀၁၅ ခုနှစ်၊ မေလ (၂၈) ရက်စွဲဖြင့် မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီသို့ သိမ်းဆည်းခံ မြေယာများအားတရားနည်းလမ်းကျစွာ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဆက်လက်တင်ပြလျှော်ထားခဲ့ပါသည်။ထို့ကြောင့် မြို့နယ်မြေစာရင်းဦးစီးမှူးမှ မြေသိမ်းခံရသူ ၂ ဦးအား တင်ပြထားသောစာနှင့်ပတ်သက်၍ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ပါသည်။

၄။ ၂၀၁၅ ခုနှစ်အတွင်း ခါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသော မြေယာများနှင့် ပတ်သက်၍ နောက်ဆက်တွဲကူညီဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ဥပဒေအထောက်အကူပြုမှ မြေသိမ်းခံရသူများနှင့် တွေ့ဆုံ၍ နောက်ဆက်တွဲအခြေအနေများအား ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ဒေသခံတောင်သူများအားဥပဒေ အသိပညာစွမ်းဆောင်ရည်မြင့်တက်စေရန် ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း ပြုလုပ်ပေးခဲ့ပါသည်။

၅။ ၂၀၁၆ ခုနှစ် ဧပြီလ (၃၀) ရက်နေ့တွင် ထောက်ပံ့ကူညီပေးနေသော ပဲခူးတိုင်းဒေသကြီးအခြေပြု အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် CPRCG ရုံးမှမြေတိုင်းတာရေးအဖွဲ့၊ ဥပဒေအထောက်အကူပြုသူနှင့်မြေသိမ်းခံရသူများပူးပေါင်း၍ သိမ်းဆည်းခံထားရသော မြေယာများအား ကွင်းဆင်း၍ မြေတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မေလ (၇) ရက်နေ့တွင် တောင်သူများ၏မြေဧက (၂၁၉.၀၂၀၆) ဧကအားတိုင်းတာပြီးစီး၍ မြေပုံထုတ်ယူနိုင်ခဲ့ပါသည်။

၆ ဆက်လက်၍ အစိုးရသစ်လက်ထက်တွင် ၂၀၁၆ခုနှစ် မေလ (၁၆)ရက်စွဲဖြင့် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီထံ ခါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသောမြေများမှ ပိုလျှံနေသောမြေများကို လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ မူလသိမ်းဆည်းခံတောင်သူများအား ပြန်လည်စွန့်လွှတ်ပေးနိုင်ရေး တောင်သူ (၂၅) ဦး လက်မှတ်ထိုး စာရင်းဖြင့်ရေးသားတင်ပြခဲ့ပါသည်။

၇။ ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရဝန်ကြီးများရုံးသို့ ဥပဒေအထောက်အကူပြုသူများမှ မြေသိမ်းခံရသူများနှင့်အတူ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့်တွေ့ဆုံပြီး ဓါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသောမြေယာကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေးခဲ့ရာဝန်ကြီးမှဆက်လက်၍ စိုက်/မွေး/ဆည်ဝန်ကြီး ဦးစိုးမြင့်ထံ တွေ့ဆုံပေး၍ ဖြစ်စဉ်များအား ဆက်လက်ဆွေးနွေး ခဲ့ပါသည်။ ထို့နောက်ဝန်ကြီးမှ ဓါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသော မြေများတွင် ပိုလျှံမြေရှိ/ မရှိကို စိစစ်နိုင်ရန် သက်ဆိုင်ရာအောက်ခြေ မြေစာရင်းဌာနများအားညွှန်ကြား ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၈။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့တွင် မြို့နယ်မြေစာရင်းဦးစီးမှူးမှ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု များ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့တင်ပြစာအရ မြေသိမ်းခံရသူများအားဦးဆောင်သူတောင်သူ ၂ ဦးအားခေါ်ယူစစ်ဆေး မှုများပြုလုပ်ခဲ့ပါသည်။

၉။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် ဥပဒေ အထောက်အကူပြုသူနှင့်အတူ မြေသိမ်းခံရသူတို့မှာ တိုင်းဒေသကြီး စိုက်/မွေး/ဆည်ဝန်ကြီးထံတွေ့ဆုံ၍ ဓါတ်မြေသြဇာစက်ရုံမှူးမှ ၁.၉.၂၀၁၆ ရက်နေ့ ကျေးရွာများရှိ တောင်သူများအား ခေါ်ယူ၍ စက်ရုံမှသိမ်းဆည်းထားသောမြေများအား ပြန်မပေးနိုင်ကြောင်း တောင်သူများအားအစည်းအဝေးခေါ်ယူ၍ အသိပေးမှုအပေါ် ဝန်ကြီးအား အသိပေးဆွေးနွေးခဲ့ပါသည်။ ဝန်ကြီးမှ ၄င်းဖြစ်စဉ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ၄င်းအား ဓါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသော လယ်ယာမြေများနှင့် ပတ်သက်၍ ပိုလျှံမြေများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးနိုင်ရေး ချက်ချင်းစာတင်ပြရန်ညွှန်ကြားခဲ့သဖြင့် မြေသိမ်းခံတောင်သူများ၏ကိုယ်စား တောင်သူတစ်ဦးမှ နေ့ချင်းတင်ပြရေးသားပေးပို့ခဲ့ပါသည်။

၁၀။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကျေးရွာအုပ်စုမြေတိုင်းကွင်းစာရေးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုညွှန်မှူး၊ စက်ရုံမှဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တင်ပြတိုင်ကြားထားသည့်မြေသိမ်းခံရသူများအားခေါ် ယူပြီး ဓါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသော ပိုလျှံမြေများဖြစ်သည့် လယ်ယာမြေများနှင့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်စွန့်လွှတ်ရန် နယ်နိမိတ်သတ်မှတ်ပြီး စွန့်လွှတ်မြေ များအား တိုင်းတာခဲ့ပါသည်။

၁၁။ ၁၇.၂.၂၀၁၇ ရက်နေ့တွင် ဥပဒေအထောက်အကူပြုသူနှင့် အတူ မြေသိမ်းခံရသူ ၂ ဦးတို့မှာမြို့နယ်မြေစာရင်းရုံးသို့ သွားရောက်ခဲ့ပြီး ဓါတ်မြေသြဇာစက်ရုံမှ သိမ်းဆည်းထားသောမြေများအား စွန့်လွှတ်ရန်အတွက် မြေပုံကြမ်းကို မိတ္တူကူးယူခဲ့ပါသည်။

၁၂။ ၁၂.၉.၂၀၁၇ ဥပဒေအထောက်အကူပြုသူ၊ ကျေးရွာနှစ်ရွာရှိ မြေသိမ်းခံရသူများနှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရာ လုပ်ငန်းဆောင်ရွက်မှုများ ကြန့်ကြာနေခြင်းကြောင့် ပိုမိုမြန်ဆန်နိုင်ရေးအတွက် ထပ်မံစာတင်ရန်ဆုံးဖြတ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ( ၁၉ ) ရက်နေ့ရက်စွဲဖြင့်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံလိပ်မူ၍ ခါတ်မြေဩဇာစက်ရုံမှသိမ်းဆည်းထားသော မြေများနှင့်ပတ်သက်၍ဌာနဆိုင်ရာအဆင့်ဆင့်မှ လုပ်ငန်းဆောင်ရွက်မှုများ ကြန့်ကြာနေခြင်းအပေါ် တင်စာကိုတောင်သူ ( ၂၅ ) ဦးလက်မှတ်ထိုး ဖြင့်တင်ပြခဲ့ပါသည်။

၁၃။ ၃.၁.၂၀၁၈ ရက်နေ့တွင် ကျေးရွာအုပ်စုတစ်စုသို့ တိုင်းဒေသကြီး စိုက်/ မွေး/ ဆည်ဝန်ကြီးလာရောက်သည့် ခရီးစဉ်တွင်လည်းခါတ်မြေဩဇာစက်ရုံမှ သိမ်းဆည်းထားသော မြေယာကိစ္စရပ်များနှင့် ပတ်သက်၍ဌာနဆိုင်ရာဆိုင်ရာများမှ မြေရှင်းဆောင်ရွက်ရာတွင် ကြန့်ကြာနေမှုများအား ထပ်မံတင်ပြဆွေးနွေးခဲ့ပါသည်။

၁၄။ ၂၂.၂.၂၀၁၈ ရက်နေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးမှူးနှင့် ကျေးရွာရှိ မြေစာရင်းဌာနမှ ကွင်းစာရေး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြေသိမ်းခံရသူများနှင့်အတူ ခါတ်မြေဩဇာစက်ရုံမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး၍ စွန့်လွှတ်မြေများ ပြန်လည်ရရှိနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ မြေများ ပြန်လည်စွန့်လွှတ်ရာတွင် မြေသိမ်းခံရသူအချင်းချင်း အငြင်းပွားမှုမဖြစ်စေရန်ကေအမှန်တင်ပြပေးရန် ညွှန်ကြားခဲ့ပါသည်။

၁၅။ သို့အတွက် ၂၆.၂.၂၀၁၈ ရက်နေ့မှ ၂.၃.၂၀၁၈ ရက် နေ့အထိခါတ်မြေဩဇာစက်ရုံမှ သိမ်းဆည်းထားသော ပြန်လည်စွန့်လွှတ်မည့် လယ်ယာမြေများအား မြေသိမ်းခံရသူတစ်ဦးချင်းစီအလိုက် CPRCG အဖွဲ့နှင့်ဥပဒေအထောက်အကူပြုသူ များမှ မြေစာရင်းဌာနနှင့်အတူပေါင်း၍ မြေတိုင်းတာခြင်းလုပ်ငန်းစဉ်များအားကူညီဆောင်ရွက်ပေးခဲ့ပါသည်။

၁၂။ ၁၂.၉.၂၀၁၇ ဥပဒေအထောက်အကူပြုသူ၊ ကျေးရွာနှစ်ရွာရှိ မြေသိမ်းခံရသူများနှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရာ လုပ်ငန်းဆောင်ရွက်မှုများ ကြန့်ကြာနေခြင်းကြောင့် ပိုမိုမြန်ဆန်နိုင်ရေးအတွက် ထပ်မံစာတင်ရန်ဆုံးဖြတ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ( ၁၉ ) ရက်နေ့ရက်စွဲဖြင့်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံလိပ်မူ၍ ခါတ်မြေဩဇာစက်ရုံမှသိမ်းဆည်းထားသော မြေများနှင့်ပတ်သက်၍ဌာနဆိုင်ရာအဆင့်ဆင့်မှ လုပ်ငန်းဆောင်ရွက်မှုများ ကြန့်ကြာနေခြင်းအပေါ် တင်စာကိုတောင်သူ ( ၂၅ ) ဦးလက်မှတ်ထိုး ဖြင့်တင်ပြခဲ့ပါသည်။

၁၃။ ၃.၁.၂၀၁၈ ရက်နေ့တွင် ကျေးရွာအုပ်စုတစ်စုသို့ တိုင်းဒေသကြီး စိုက်/ မွေး/ ဆည်ဝန်ကြီးလာရောက်သည့် ခရီးစဉ်တွင်လည်းခါတ်မြေဩဇာစက်ရုံမှ သိမ်းဆည်းထားသော မြေယာကိစ္စရပ်များနှင့် ပတ်သက်၍ဌာနဆိုင်ရာဆိုင်ရာများမှ မြေရှင်းဆောင်ရွက်ရာတွင် ကြန့်ကြာနေမှုများအား ထပ်မံတင်ပြဆွေးနွေးခဲ့ပါသည်။

၁၆။ယခုနှစ် ၂၀၁၈ မိုးရာသီမှစတင်ပြီး မြေသိမ်းခံတောင်သူများသည် တိုင်းတာရရှိထားသောမြေဧရိယာအလိုက်စတင်စိုက်ပျိုး အသုံးပြုလျှက်ရှိပြီး မကြာသောကာလတွင် သက်ဆိုင်ရာအစိုးရမှ တရားဝင် မြေပြန်လည်ပေးအပ်ပွဲအနေဖြင့် ဆောင်ရွက်မည်ဟု သိရှိရပါသည်။

ကြုံတွေ့ရသောအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ

- ယခုအမှုတွင် မြေသိမ်းခံရသူ အရေအတွက်များပြားသည့်အတွက် အချက်အလက် အမှန်ရယူကောက်ယူရာတွင် အခက်အခဲများစွာ ရှိခဲ့သည်။ အချက်အလက်မှန်ကန်ခြင်း အထူးသဖြင့် သိမ်းဆည်းခံရသည့်မြေဧရိယာကော အမှန်ကောက်ယူခြင်းတွင် အချိန်များစွာပေးခဲ့ရသည်။
- ဖြေရှင်းဆောင်ရွက်နေစဉ်အတွင်း မြေသိမ်းခံရသူများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လေ့လာသင်ယူခြင်းထက် ဥပဒေအထောက်အကူပြုတွင် မှီခိုလိုစိတ်များနေသည့်အတွက် မြေသိမ်းမှုနှင့်ဆိုင်သည့် ဥပဒေအသိပညာများ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိနားလည်သဘောပေါက်ရန် စွမ်းဆောင်ရည်မြှင့်တင်မှုများ စဉ်ဆက်မပြတ် ပြုလုပ်ပေးခဲ့သည်။
- အမှုဖြေရှင်းသည့် အချိန်ကာလသည် ကြာမြင့်နေခဲ့သည့်အတွက် အချို့သောမြေသိမ်းခံရသူများတွင် မျှော်လင့်ချက်မဲ့ စိတ်ပျက်လက်လျှော့မှုများ ရှိနေခဲ့သည်။
- ၂၀၁၅ ခုနှစ်မတိုင်ခင်တွင် တာဝန်ရှိအစိုးရဌာနများ၊ ကော်မတီများ၊ ကော်မရှင်များနှင့်ဆက်သွယ်ဆက်ဆံရာတွင် အခက်အခဲရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင်မှ သက်ဆိုင်သော ဌာနဆိုင်ရာများနှင့်တွေ့ဆုံခွင့်ရခြင်း ၊ ဆွေးနွေးခွင့်ရခြင်း၊ လမ်းညွှန်ပေးခြင်းများရှိလာသည့်အတွက် ထိုအချိန်မှစတင်ပြီးအကူအညီပေးနေသော ဥပဒေအထောက်အကူပြုသူများနှင့် မြေသိမ်းခံရသူများမှ မျှော်လင့်ချက်နှင့်ပြန်လည်တက်ကြွစွာ ပါဝင်လာခဲ့သည်။

အခန်း (၂) တွင်ဖော်ပြထားသည့် ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းလုပ်ငန်းအဆင့်ဆင့်ဖြင့် သိမ်းဆည်းခဲ့သည့်မြေသိမ်းမှုများ မြန်မာနိုင်ငံအနှံ့ တွင် အချို့ ရှိခဲ့သော်လည်း များစွာသောအမှုများသည် ထိုမြေသိမ်းဆည်းခြင်းလုပ်ငန်းအဆင့်ဆင့်တွင် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီညွှတ်ဘဲ သိမ်းယူခြင်းခံရသော မြေသိမ်းမှုများစွာလည်းရှိနေခဲ့ပါသည်။ ယခင်နှစ်ကာလများအတွင်း တရားမဝင်သိမ်းဆည်းခြင်း ၊အာဏာနှင့် လုပ်ပိုင်ခွင့်ရရှိသူများမှ ၎င်းတို့၏ လုပ်ပိုင်ခွင့်များကိုအသုံးချကာ တရားမဝင်မြေသိမ်းဆည်းမှုများလည်း မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားခဲ့ပါသည်။ သို့ပေမယ့်လည်း မြန်မာနိုင်ငံအတွင်းရှိ မြေသိမ်းဆည်းခံရသူများ အနေဖြင့် ၎င်းတို့၏ မြေယာများကို အသုံးချမှုလက်လွှတ်ဆုံးရှုံးခံရပါက မြေသိမ်းဆည်းခံရခြင်းဟူ၍သာအမည်တပ်လေ့ရှိပါသည်။

ထိုသို့သောအမှုများတွင် ဥပဒေအထောက်အကူများနှင့် မြေသိမ်းဆည်းခံရသူများသည် ၎င်းတို့၏ မြေသိမ်းဆည်းမှုသည် အထက်ဖော်ပြပါ မြေသိမ်းဆည်းမှုဖြစ်စဉ်တွင် ၎င်းတို့၏အမှုပါဝင်သည်(သို့) တစိတ်တပိုင်းတွင်ပါဝင်သည်ဟု လေ့လာသိရှိနိုင်ရန် အရေးကြီးပါသည်။ အခန်း(၄)အမှုဖြစ်စဉ်အား စနစ်တကျလေ့လာခြင်းနှင့် အချက်အလက်စုဆောင်းခြင်း အခန်းပါအချက်အလက်များ စုဆောင်းရာတွင်လည်း ၎င်းတို့၏ မြေအားမည်ကဲ့သို့ သိမ်းဆည်းခဲ့သည်ဆိုသည်ကိုလည်း စနစ်တကျလေ့လာမှသာ ၎င်းတို့၏ မြေသိမ်းမှုများကို မည်သို့ဖြေရှင်းနိုင်မည်ကို နားလည်သိရှိမည်ဖြစ်သည်။ Namati Myanmar မှဥပဒေအထောက်အကူပြုသူများမှ သမရိုးကျနည်းလမ်း ဖြစ်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအဆင့် ဆင့်ဖြင့်စုံစမ်းစစ်ဆေးကာ ဖြေရှင်းဆောင်ရွက်သည့်နည်းကို အသုံးပြုသော်လည်းတိုးတက်မှုတစ်စုံတစ်ရာမရှိခြင်းကြောင့်ဖြစ်စေ၊ တရားဥပဒေနှင့်အညီသိမ်းဆည်းမှုမဟုတ်သည့် မြေသိမ်းမှုများဖြစ်စေကော်မတီအဆင့်ဆင့်သို့ တိုင်ကြားခြင်းအပြင် အခြားနည်းလမ်းကိုသုံးကာဆောင်ရွက်ခြင်းဖြင့်အောင်မြင်ခဲ့သည့်နည်းလမ်းများရှိပါသည်။အခြားနည်းလမ်းများမှာအောက်ပါအတိုင်းဖြစ်သည်။

## အခြားနည်းလမ်း (၁) လွှတ်တော်ကိုယ်စားလှယ်ဖြင့်တွေ့ဆုံတိုင်ပင်ကာ ကုစားသည့်နည်း

ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမတ်များသည် ၎င်းတို့ရွေးကောက်ခံနယ်မြေမှ ရပ်ရွာလူထုနေပြည်သူများ၏ ကြုံတွေ့ရသော တရားမျှတမှုမရှိသည့်ကိစ္စများနှင့် အခက်အခဲများကို ပြည်သူ့ကိုယ်စားအစိုးရ ဌာနများ၊ တာဝန်ရှိသူများထံ လမ်းညွှန်အကြံပြုခြင်း၊ပြည်သူ့ကိုယ်စားလွှတ်တော်တွင်းတွင် မေးခွန်းမေးမြန်းတင်ပြခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့လွှတ်တော်ကိုယ်စားလှယ်၏ ပံ့ပိုးကူညီမှုဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သော မြေသိမ်းဆည်းမှုအမှုတစ်မှုကို တင်ပြလိုက်ပါသည်။

### အမှုဖြစ်စဉ်အကျဉ်းချုပ်

၁၉၉၇ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်တစ်မြို့နယ်တွင် ကြက်ဆူပင်စီမံကိန်းစိုက်ပျိုးရန်လမ်းဘေးဝဲယာတွင် မြေများကိုအသုံးပြုခဲ့ပါသည်။ ထိုအချိန်က တာဝန်ရှိသူအစိုးရအရာရှိများက ဒေသခံများအား ၎င်းတို့၏ မြေကိုခဏငှားပါ၊ စစ်ဆေးမည့်အရာရှိလာပြီးနောက်တွင် ထိုမြေများကိုပြန်လည်ပေးအပ်ပါမည်ဟုဆိုကာ တောင်သူများလုပ်ကိုင်နေသော မြေများကိုကြက်ဆူပင်စီမံကိန်းအတွက် အသုံးပြုခဲ့သည်။ ၂၀၀၅ ဝန်းကျင်လောက်တွင် လမ်းဘေးဝဲယာတလျှောက်ရှိ ထိုစီမံကိန်းကြောင့် အသိမ်းခံရသော မြေများကိုမြေသိမ်းဆည်းခံရသူများက ပြန်လည်အသုံးပြုခွင့်ရသောလည်း မြေသိမ်းခံတောင်သူတစ်ဦးကမူ ပြန်လည်အသုံးပြုခွင့်မရခဲ့ပါ။ ထိုမြေကို မည်သူမျှအသုံးမပြုဘဲ ထားရှိခဲ့သည်။

၂၀၁၆ နှစ်စပိုင်းတွင် မြေသိမ်းခံတောင်သူ၏မြေများက စိုက်ပျိုးလုပ်ကိုင်စားသောက်ရန် မြေမရှိသည့်အတွက် ဝ.၆၀ ဧက ရှိသော ထိုမြေကို အသုံးပြုနိုင်ရန်ရှင်းလင်းကာ စိုက်ပျိုးနိုင်ရန် ပြင်ဆင်ခဲ့သည်။ ထိုနောက်ပိုင်းတွင် မြို့နယ်ထွေအုပ်မှ ထိုမြေကို အသုံးမပြုရန်နှင့် ၄င်းတို့တွင် ပုံစံ – ၁၀၅၊ ပုံစံ – ၁၀၆ ရှိသည်ဟုဆိုကာ အကြိမ်ကြိမ်သတိပေးခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် ထိုမြေသိမ်းခံရသူက ဥပဒေအထောကအကူပြုသူထံ တွင်၄င်း၏ မြေယာ ပြဿနာအတွက် အကူအညီတောင်းခံခဲ့သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဝန်ထမ်း အမည်ဖြင့် မြေစာရင်းပုံစံ – ၁၀၅/၁၀၆ ရေးဆွဲကာ ဌာန ပိုင်မြေအဖြစ်သတ်မှတ်နေခြင်းအား ပြန်လည်စွန့်လွှတ်ပေးပါရန် တင်ပြတောင်းဆိုသောအမှုဖြစ် သည်။ စတင်ဆောင်ရွက်ချိန်မှ ပုံစံ – ၇ ရရှိချိန်အထိ ၂ နှစ်ကာလအကြာတွင် ကူညီဖြေရှင်းပေးနိုင်သောအမှုဖြစ်သည်။

### အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏လုပ်ဆောင်ချက်များ

၁။ ဥပဒေထောက်အကူပြုမှ မြေသိမ်းခံရသူတွင် မည်သည့်အထောက်အထားများ ပြသနိုင်သနည်းဆိုသည်ကိုတောင်းခံသောကြောင့် အခွန်ဆောင်ထားသော မြေခွန်ပြေစာ ပြသနိုင်သည်။

၂။ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့မြေပြန်လည်ရယူလိုကြောင်းကို မြေခွန်ပြေစာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ မှန်ကန်ကြောင်းထောက်ခံချက်၊မြေနေရာမှတ်တမ်းဓါတ်ပုံ၊ ယာနီးချင်းများ ( တောင်သူ ၂၄ ဦး )၏ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့်အထောက်အထားများနှင့်အတူ တိုင်စာပို့သည်။

၃။ ၄လခန့်အကြာတွင်မြို့နယ်အဆင့်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီမှ လာရောက်စစ်ဆေးခဲ့သည်။

၄။ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီမှ စစ်ဆေးပြီး ၂ လခန့်အကြာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးမှ မြေသိမ်းခံရသူအား ခေါ်ယူတွေ့ဆုံပြီး ထိုမြေသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ စာရေး၏ အမည်ဖြင့် ပုံစံ၁၀၅/ ၁၀၆ ပေါက်ပြီးသားဖြစ်သည့်အတွက် ပြန်လည် မစွန့်လွှတ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ထိုမစွန့်လွှတ်နိုင်ကြောင်းအကြောင်းပြန်ကြားချက်ကိုလည်းနှုတ်ဖြင့်သာအသိပေးပြီး တရားဝင်ထုတ်ပြန်သော စာရွက်စာတမ်းများ မပြသခဲ့ပါ။

၅။ ခရိုင်အထွေထွေ အုပ်ချုပ်ရေးရုံးမှ မစွန့်လွှတ်နိုင်ကြောင်းပြောဆိုသည့်အပေါ် မြေသိမ်းခံရသူမှ ဥပဒေအထောက်အကူပြုနှင့်အတူတိုင်းဒေသကြီးလွှတ်တော်တွင်တင်ပြနိုင်ရန်တိုင်းဒေသကြီးလွှတ်တော်အမတ်သို့ဆွေးနွေးတင်ပြခဲ့ပါသည်။

၆။ လွှတ်တော်အမတ်၏ အကြံပေးချက်နှင့် စီစဉ်ချိတ်ဆက်ပေးမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး လယ်ဆည်ဝန်ကြီးကို တွေ့ဆုံခွင့်ရပြီး တရားမျှတမှုမရှိစွာ ဆုံးဖြတ်ဆောင်ရွက်ချက်များအား တင်ပြခဲ့ပါသည်။ စစ်ကိုင်းတိုင်းစိုက်ပျိုးရေး ဝန်ကြီးမှလည်း တင်ပြဆွေးနွေးမှုအပြီးတွင် တိုင်းမြေစာရင်းဦးစီးဌာနသို့ ဖုန်းဆက်အကြောင်းကြားကာ အမှုကို ပြန်လည်စုံစမ်းစစ်ဆေးပေးရန် ညွှန်ကြားခဲ့ပါသည်။

၇။ အချိန် ၁ လလောက်ကြာမြင့်လာသော်လည်း မည်သည့်ထူးခြားမှု မဖြစ်ပေါ်လာသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်အမတ်မှ တိုင်းမြေစာရင်းဦးစီးရုံးသို့ လူကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး ထိုအမှုနှင့်သက်ဆိုင်သည့်ဆက်လက်ဆောင်ရွက်မှုများအား အကူအညီတောင်းခဲ့သည်။

၈။ တိုင်းမြေစာရင်းဦးစီးကမြေသိမ်းခံရသူအားပုံစံ – ၁ လျှောက်ရန် ညွှန်ကြားခဲ့သည့်အတွက် ပုံစံ – ၁စတင် လျှောက်ခဲ့သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးစာရေးမှလည်း မြေစာရင်း ပုံစံ ၁၀၅/၁၀၆၊ မြေစာရင်း ပုံစံ၁၃၇၊ မြေစာရင်းပုံစံစာရင်း ၂ နှင့်အတူ ပုံစံ –၁ အပြိုင်လျှောက်လာသည်။ ပုံစံ (၁) လျှောက်ထားမှုအပေါ် ရပ်ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က နှစ်ဦးနှစ်ဖက်အသိသက်သေများခေါ်ယူ၍စစ်ဆေးမေးမြန်းခဲ့ပါသည်။

၉။ မြေသိမ်းခံရသူမှ ပုံစံ – ၁ ဖြည့်ပြီး စတင်လျှောက်ထားချိန်မှ စတင်ပြီး ၁ နှစ်အကြာတွင် ပုံစံ – ၇ ရရှိခဲ့သည်။

### ကြုံတွေ့ရသောအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ

- မြေသိမ်းခံရစဉ်က အမည်ပေါက်သော မြေသိမ်းခံရသူမှာ ဆုံးပါးသွားပြီး ကျန်ရစ်သူသားသမီးများကမြေပြန်လည်ရရှိရန်ကြိုးပမ်းသည့်အတွက် အခက်အခဲများရှိခဲ့သည်။ မြေပြန်လည်အသုံးချခွင့်ရရန်ကြိုးစားနေစဉ်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ အသိမ်းခံရသည့်မြေဖြစ်သည့် ကားလမ်းမဘေးဘက်မြေအား မြေသိမ်းခံရသူ၏ ကျန်ရစ်သည့်မိသားစု၏မြေမဟုတ်ဘဲ၊ ၄င်းတို့၏မြေသည်ကားလမ်း၏ အတွင်းဖက်မှမြေဖြစ်ကြောင်းပြောဆိုနေခဲ့သည်။ မြေသိမ်းခံရသူ၏ ကျန်ရစ်သူသားသမီးများနှင့် လယ်နီးနားချင်းအသိသက်သေများက လူသက်သေများလိုက်ပါ၍ မြေစာရင်းမြေပုံမှန်ကန်ကြောင်းသက်သေပြကာ ထွက်ဆိုခဲ့ကြပါသည်။

- မြေပြန်လည်ရရှိရန် ကြိုးပမ်းနေချိန်အတွင်း မြေသိမ်းခံရသူမှလည်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၏ အကြိမ်များစွာခြိမ်းခြောက်မှုများကြုံတွေ့ခဲ့ရသည်။ ဥပဒေအထောက်အကူပြုမှလည်း၎င်းတို့သည်မြေပြန်လည်ရရှိရန် ကြိုးစားနေစဉ်တစ်လျှောက်လုံးဥပဒေနှင့်အညီ တောင်းဆိုမှုများပြုလုပ်နေခြင်းနှင့်ဥပဒေအကြောင်းအရာတိုင်း ဆက်လက်လုပ်ဆောင်နေသည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။
- တိုင်းဒေသကြီးလွှတ်တော်အမတ်၏ထိရောက်သောပံ့ပိုးမှုများကြောင့် အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

## အခြားနည်းလမ်း(၂) မြေသိမ်းခံရသူနှင့် မြေသိမ်းသူ အကြားတိုက်ရိုက်ဆွေးနွေးညှိနှိုင်းအဖြေရှာသည့်နည်းလမ်း

မြေသိမ်းဆည်းခံရသူများသည် မိမိတို့သိမ်းဆည်းခံခဲ့ရသည့်မြေများသည်တရားဥပဒေနည်းလမ်းကျစွာသိမ်းဆည်းခဲ့သည်၊တရားဥပဒေမဲ့ကသိမ်းဆည်းခံခဲ့ရသည်ဆိုသည်ကိုသေချာသိရှိလေ့လာနိုင်ရန်အရေးကြီးပါသည်။ယခုဥပမာပေးထားသောအမှုဆိုလျှင်လိုအပ်သည့်ပမာဏထက်တရားဥပဒေနှင့်အညီ သိမ်းဆည်းရယူခဲ့ခြင်းမဟုတ်သည့်အတွက် ဒုသမ္မတဦးစီးသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စီစစ်ရေးဗဟို ကော်မတီသို့တိုင်ကြားစာမပို့ဘဲမြေသိမ်းခံရသူနှင့် မြေသိမ်းသူအကြားတိုက်ရိုက်ဆွေးနွေးကာအဖြေရသည်အထိ ညှိနှိုင်းဆောင်ရွက်သောနည်းလမ်းဖြစ်သည်။

## အမှုဖြစ်စဉ်အကျဉ်းချုပ်

၁၉၉၀ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးရှိမြို့နယ်တစ်မြို့နယ်တွင်မြို့သစ်စီမံကိန်းအကောင်အထည်ဖော်ရာတွင်ဒေသခံများ၏ မြေဧက ၅၀၀ကျော်ကိုသိမ်းယူခဲ့ကာမြို့သစ်စီမံကိန်းအတွက်အမှန်တကယ်အသုံးပြုခဲ့သောမြေအကျယ်အဝန်းမှာဧက၃၀၀ခန့်သာဖြစ်သည်။လိုအပ်သည့် ပမာဏထက်မြေပိုယူခဲ့ခြင်းဖြစ်သည်။ ထိုကျန်မြေများကိုစစ်တပ်ရင်းများစွာနှင့် အခြားသူများလက်ထဲသို့ရောက်ရှိကာမြေသိမ်းခံတောင်သူများ လက်ဝယ်ပြန်မရောက်ရှိခဲ့ပါ။ ၎င်းတို့ထဲတွင်ခမရ(၆)စစ်တပ်မှလယ်သမား ၆ဦးပါ လယ်မြေဧက ၂၄ဧကကိုငါးစပါးလုပ်ငန်းလုပ်ကိုင်ရန်အတွက်ရယူခဲ့သည်။ ၂၀၁၂ခုနှစ်နောက်ပိုင်းတွင်သီးစားချထားသူများမှစစ်တပ်အားသီးစားခမပေးရတော့ဘဲ၂၀၁၅ ခုနှစ်အထိဆက်လက်လုပ်ကိုင်စေခဲ့သည်။ ဥပဒေအထောက်အကူပြုမှ၂၀၁၅နှစ်လယ်ပိုင်းလောက်တွင် မြေသိမ်းခံရသူတောင်သူလယ်သမား၆ဦးမှအကူအညီတောင်းခံမှုကြောင့်အကူအညီပေးခဲ့သည်။ မြေသိမ်းယူထားသူခမရ(၆)နှင့်တိုက်ရိုက်ညှိနှိုင်းကာ အမှုစတင်ဆောင်ရွက်ချိန်မှ၅လခန့် အကြာတွင်မှုလအသိမ်းခံတောင်သူ၆ဦးမှလယ်ယာမြေပြန်လည်လုပ်ကိုင်ခွင့်ရကာ အောင်မြင်ခဲ့သောအမှုဖြစ်ပါသည်။

၁။ အကူအညီလာရောက်တောင်းခံသူ မြေသိမ်းခံရသူများက ဥပဒေအထောက်အကူပြုထံသို့ စတင်ရောက်ရှိလာပြီး နောက် ထိုအမှုအတွက် အမှုသည်များနှင့်ဆွေးနွေးခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ တပ်၏သဘောထားအမြင် များကို လေ့လာခြင်း စသည်များအတွက် အချိန် ၂ လခန့် ယူခဲ့ရသည်။

၂။ ထို့နောက် ဥပဒေအထောက်အကူပြုမှ မြေသိမ်းခံရသူများနှင့်အတူ မြေသိမ်းသူ ခမရ (၆) တပ်ရင်းမှူးထံလိပ်မူပြီး ယခုအမှုအတွက် ညှိနှိုင်းဆွေးနွေးချင်ပါသည်ဆိုသည့်စာအားပို့ခဲ့သည်။ စာထဲတွင် တပ်မှလည်းအသုံးမပြုလိုလျှင် မူလပိုင်ရှင်ဖြစ်သည့် သီးစားလယ်သမားများအား မြေယာစိုက်ပျိုးခွင့်မပြုဘဲ နစ်နာခဲ့သော မူလပိုင်ရှင်ကိုသာ မြေလုပ်ပိုင်ခွင့်ပြုစေလိုကြောင်း တင်ပြခဲ့သည်။

၃။ တပ်ရင်းမှူးထံ စာပို့ပြီး ၂ ပတ်အကြာတွင် သိမ်းဆည်းခံလယ်သမားများနှင့် တပ်မှတွေ့ဆုံဆွေးနွေးလိုကြောင်းဆက်သွယ်လာပါသည်။

၄။ တပ်မှတာဝန်ရှိသူနှင့်တွေ့ဆုံသည့်နေ့မှာပင် ခမရ (၆) မှ ထိုမြေကိုပြန်လည်စွန့်လွှတ်လိုကြောင်းပြောကြားခဲ့သည်။

၅။ ဥပဒေ အထောက်အကူပြုမှ မြေသိမ်းခံရသူများအား တရားဝင်မြေစွန့်လွှတ် ပုံစံဖြစ်စေရန်နှင့် မြေအသုံးချခွင့်လက်မှတ်တရားဝင်လျှောက်ထားနိုင်ရန်အတွက် တရားဝင်စွန့်လွှတ်သည့်စာရရှိရန် အရေးကြီးကြောင်းဆွေးနွေးခဲ့သည်။ ဥပဒေအထောက်အကူပြုမှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ကာ တရားဝင်လွှဲပြောင်းပေးခြင်းပြုလုပ်ပေးရန် တင်ပြခဲ့သည်။

၆။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံမှုဖြင့် အုပ်ချုပ်ရေးမှူးရုံးတွင် တပ်မှတာဝန်ရှိသူများမှ မြေသိမ်းဆည်းခံရသူ ၆ ဦးအား ဒုတပ်ရင်းမှူး၏ လက်မှတ်ပါဝင်သည့် တရားဝင်မြေပြန်လည်စွန့်လွှတ်သည့်စာအားလက်ခံရယူခဲ့သည်။

၇။ ထိုစာအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြေအသုံးချဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီသို့မိတ္တူပေးပို့ခဲ့သည်။

### ကြုံတွေ့ရသောအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့် ပုံစံများ

- မည်သည့်ဌာန၊ မည်သည့်ကော်မတီထံသို့ တိုင်ကြားတင်ပြတောင်းဆိုခြင်းမပြုဘဲ မြေကိုသိမ်းယူထားသူထံတိုက်ရိုက်ပေးပို့သောစနစ်ကိုကျင့်သုံးပြီး မြေသိမ်းသူနှင့်မြေသိမ်းခံရသူအကြား အောက်ခြေတွင်ညှိနှိုင်းမှုဖြင့်မြေပြန်ရခဲ့ပါသည်။ ပြန်တမ်းဝင်အဖြစ် သိမ်းယူထားသော မြေသိမ်းမှုဆိုပါလျှင် မလွယ်ကူပါ။
- အမှုသည်အားလုံး တပြိုင်တည်းတွေ့ဆုံသည့်အခါတွင် ဦးဆောင်သူတစ်ဦးတည်း၏နောက်တွင်အခြားသူများ လိုက်ပါသွားတတ်၍ လိုအပ်သောအချက် အလက်အမှန်ကို မရနိုင်ခြင်းကြောင့် အမှုသည်တစ်ဦးချင်း နှင့်တွေ့ဆုံကာ

အချက်အလက်မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းပြုလုပ်ခဲ့သည်။

- မြေသိမ်းခံရသူတစ်ဦးချင်း၏ အချက်အလက်မှန်၊ မမှန် လေ့လာရာတွင်လည်း အခြားလယ်သမားများ၊ကျေးရွာအာဏာပိုင်များထံမှ အချက်အလက်စုဆောင်းခြင်းများပြုလုပ်ခဲ့သည်။ အမှုသည်တင်ပြသောအချက်အလက်များနှင့်ပတ်ဝန်းကျင်မှ အချက်အလက်များကိုယှဉ်ထိုးလေ့လာခြင်းလက်ရှိမြေပြင်အခြေအနေနှင့် ပကတိတည်ရှိပုံကို လေ့လာခြင်းသည် အမှုအားကူညီဖြေရှင်းရာတွင်အထောက်အပံ့ဖြစ်စေခဲ့သည်။
- မြေသိမ်းဆည်းသူတပ်၏သဘောထား အခြေအနေကို လေ့လာခြင်းများကိုပြုလုပ်ခဲ့သည်။
  - တပ်မှ သီးစားခများလက်ခံယူနေခြင်း (သို့) ၎င်းမြေကိုအသုံးပြုလိုခြင်း ရှိ/မရှိ
  - တပ်ရင်း၏၎င်းမြေကိုဆောင်ရွက်မှု ရှိ/မရှိ
  - တပ်မြေသိမ်းဆည်းမှုများ နှင့်စပ်လျဥ်းသည့် မူဝါဒ၃ရပ်နှင့် သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ရန် လျှောက်ထားလာခြင်းများနှင့်စပ်လျဥ်း၍ စိစစ်ရန်အချက် ၄ ချက်နှင့်ကိုက်ညီခြင်း ရှိ/မရှိ

သီးစားများကလည်း ၎င်းတို့လုပ်ကိုင်နေသောမြေကို မပေးနိုင်ကြောင်း ပြောဆိုနေခြင်းကြောင့် ဒေသခံရပ်မိရပ်ဖများထံချဥ်းကပ်ကာ လက်ရှိလုပ်ကိုင်နေသောသီးစားများအား ဥပဒေအကြောင်းအရာများနှင့်အညီဆွေးနွေးညှိနှိုင်းပေးရန် တင်ပြခြင်းများပြုလုပ်ခဲ့သည်။

## အခြားနည်းလမ်း (၃) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ စာတင်ကာဝင်ရောက်စိုက်ပျိုးခြင်း

အချို့သောမြေသိမ်းမှုများသည် သက်ဆိုင်ရာဒေသများရှိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီတို့မှ စုံစမ်းစစ်ဆေးခဲ့သော်လည်း အချိန်ကာလအတိုင်းအတာတစ်ခုအထိမြေသိမ်းခံရသူများအနေဖြင့်ထူးခြားသည့် တိုးတက်ပြောင်းလဲမှုမရသည့်အတွက် အကြောင်းပြန်ကြားခြင်း၊ သတင်းအချက်အလက်တစ်စုံတစ်ရာမရရှိခဲ့ပါက မြေသိမ်းခံရသူများမှ ခရိုင်အုပ်ချုပ်ရေးမှူးထံစာတင်ကာဝင်ရောက်စိုက်ပျိုးသောနည်းလမ်းဖြစ်သည်။ ထိုနည်းလမ်းသည် မြေသိမ်းမှုအားလုံးတွင်အသုံးပြု၍မရပါ။သိမ်းဆည်းထားသောမြေကို သိမ်းဆည်းသူမှသိမ်းဆည်းသည့်ရည်ရွယ်ချက်အတိုင်း အသုံးမပြုဘဲထားသည့်အခြေအနေများတွင်သာအသုံးပြုနိုင်ပါသည်။ လစ်လပ်နေသောမြေ၊ အသုံးမပြုထားသောမြေကို အသုံးပြုလိုသော မြေသိမ်းခံရသူက စိုက်ပျိုးခွင့်ရရှိစေရန် တင်ပြ တောင်းဆိုခြင်းဖြစ်သည်။ ထိုသို့သောနည်းလမ်းကိုအသုံးပြုခြင်းကြောင့် ၎င်းတို့၏ မြေသိမ်းခံရသောအမှုကို အပြီးအပြတ်ဖြေရှင်းနိုင်သည်ဟု မထင်မှတ်စေလိုပါ။

တရားဝင်စာတင်ကာဝင်ရောက် စိုက်ပျိုးခြင်းအားဖြင့် မည်သူမျှအသုံးမပြုနေသော/စီမံကိန်း၏ ရည်ရွယ်ချက်အတိုင်း အသုံးမပြုခဲ့သော လစ်လပ်မြေနေရာကို မြေသိမ်းခံရသူက အသုံးပြုနိုင်ပါသည်။ သိမ်းဆည်းထားသည့်မြေကို လတ်တလောအသုံးပြုခွင့်ရသော်လည်း ရေရှည်ခိုင်မာသည့် မြေယာအသုံးချခွင့်ရရှိစေရန် ဆက်လက်ကြိုးစားရပါမည်။

## အမှုဖြစ်စဉ်အကျဉ်းချုပ်

ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် လယ်သမား (၁၂) ဦးလုပ်ကိုင်နေသော မြေခွန်ဆောင်ထားသောလယ်မြေ ၅၄.၆၉ ဧကအားသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ စက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်ရန်သိမ်းယူခဲ့ရာတွင် လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခြင်းမရှိခဲ့ဘဲ လိုအပ်သည်ထက်မြေကိုပိုမိုသိမ်းယူခြင်းခံခဲ့ရသည်။ ၂၄.၆၉ ဧကသာ မူလစီမံကိန်းအတိုင်း အကောင်အထည်ဖော်ခဲ့ပြီး ပိုလျှံသည့်မြေ ၃၀ ဧကကိုကျောင်းမှ နှစ်စဉ်သီးစားချထားခဲ့၊ မူလအကျိုးနစ်နာသူများမှ ပိုလျှံမြေကို ပြန်လည်တောင်းယူခြင်းနှင့် အသုံးပြုထားသောမြေအတွက် မြေယာလျော်ကြေးတောင်းယူလိုသောအမှုဖြစ်သည်။ သက်ဆိုင်ရာအစိုးရ၊ ကော်မရှင်၊ ကော်မတီများသို့ တင်ပြတောင်းဆိုခဲ့သော်လည်း ထူးခြားမှုမရှိသည့်အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တရားဝင်စာတင်ပြီး ဝင်ရောက်စိုက်ပျိုးခဲ့သည်။ ဝင်ရောက်စိုက်ပျိုးပြီးနောက် ၄.၁၂.၂၀၁၇ နေ့တွင် လျော်ကြေးငွေပေးအပ်မှုကို ညှိနှိုင်းနေသောအဆင့်တွင်ရောက်ရှိနေသောအမှုဖြစ်သည်။ ၅ နှစ်နီးပါး ကြိုးစားဆောင်ရွက်ဆဲဖြစ်ကာ ယခုလက်ရှိအခြေအနေမှာ သက်ဆိုင်ရာဌာနမှ မြေလျော်ကြေးပေးရန် တွက်ချက်တင်ပြထားသည့်အဆင့်တွင်တည်ရှိသည်။

## အမှုသည်နှင့်အတူ ဥပဒေအထောက်အကူပြု၏ လုပ်ဆောင်ချက်များ

၁။ မြေသိမ်းခံရသူများသည် ဥပဒေအထောက်အကူပြုနှင့် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် စတင်တွေ့ဆုံသည့်အခါမှသာ နစ်နာဆုံးရှုံးမှုများကို စတင်တောင်းဆိုခြင်းဖြစ်သည်။

၂။ လိုအပ်သောအချက်အလက်များစုစည်းခြင်းနှင့် လက်ရှိမြေအသုံးချနေသူ၏ အခြေအနေများကို လေ့လာခြင်းပြုလုပ်ပြီးနောက်၊ ဖေဖော်ဝါရီလ ၂၀၁၄ ခုနှစ်တွင် မြေသိမ်းခံရသူများလက်မှတ်များနှင့်အတူ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရောဝတီတိုင်းဝန်ကြီးချုပ်ထံ တိုင်ကြားစာရေးပို့ခဲ့သည်။ မိတ္တူကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး သို့ ပို့ဆောင်ခဲ့သည်။

၃။ ၈ လခန့်အကြာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ တဆင့် ရောဝတီတိုင်းဝန်ကြီးချုပ်ဆီမှ မြေသိမ်းခံရသူများနှင့် တွေ့ဆုံကာ အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားသည့်အတွက် ၁၃.၈.၂၀၁၄ နေ့တွင်အစည်းအဝေး ပြုလုပ်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဝန်ကြီးချုပ်အဖွဲ့၏ ညွှန်ကြားချက်ကို မြေသိမ်းခံရသူများအားဖတ်ပြခဲ့သည်။ ယခုရာသီသည် ကျောင်းကမြေကိုအ

သုံးပြုကာ စိုက်ပျိုးထားသည့်အတွက် ယခုနှစ်တွင် အသုံးမပြုဘဲ နောက်ရာသီတွင် စီမံကိန်းအသုံးမပြုသော လယ်မြေဧက ၃၀ အားမူလနစ်နာခဲ့သော တောင်သူများအားစိုက်ခွင့်ရမည်ဟု ပြောကြားခဲ့ပါသည်။

၄။ မြေသိမ်းခံရသူများက စိုက်ပျိုးရာသီ တစ်ရာသီစာစောင့်ဆိုင်းပြီး နောက်တစ်ရာသီတွင်လည်း စိုက်ပျိုးခွင့်မရသည့်အတွက် ဥပဒေအထောက်အကူပြုနှင့် မြေသိမ်းခံရသူများမှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးရုံးတွင် သွားရောက်စုံစမ်းခဲ့သော်လည်း တိကျသောအဖြေကို မြို့နယ်အုပ်ချုပ်ရေးရုံးမှမပေးခဲ့ပါ။ ပြည်ထောင်စုအဆင့်မှ တရားမဝင်စွန့်လွှတ်ခဲ့သည့်အတွက် ( ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်မြေပြန်စွန့်ကြောင်း မထုတ်ပြန်ခဲ့သည့်အတွက် ) မြေသိမ်းခံရသူများတွင် တိကျသောအဖြေမရခြင်းဖြစ်သည်။

၅။ မြေအသုံးပြုခွင့်ရမည်ဟု ကတိပြုခဲ့သည့် ဧရာဝတီတိုင်းအစိုးရထံ ဒုတိယအကြိမ် စုံစမ်းမေးမြန်းသည့် စာအား ၅. ၁၀. ၂၀၁၄ ထပ်မံပို့ခဲ့သည်။ ဝန်ကြီးချုပ်က လုပ်ပိုင်ခွင့်ပေးခဲ့သည်ဟု ညွှန်ကြားခဲ့သည့် ညွှန်ကြားချက်ကိုကိုးကားခဲ့သည်။ အကြိမ်ကြိမ် မေးမြန်းစုံစမ်းပြီးနောက် ဧရာဝတီတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုပါအမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတဆင့် အကြောင်းပြန်ခဲ့သည်။

၆။ ၃. ၁၁. ၂၀၁၄ တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိဘဲသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏အစီအစဉ်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှတဆင့်အကြောင်းကြားခဲ့သည်။

၇။ ဒီဇင်ဘာလ၊ ၂၀၁၄ တွင် ပြည်သူ့လွှတ်တော်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့်ပြည်သူများနစ်နာမှုမရှိစေရေး ကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သူ ဦးတင်ထွဋ်နှင့် နေပြည်တော်တွင်တွေ့ဆုံခွင့်ရရန်ကြိုးပမ်းပြီး တိုင်ကြားစာကို လူကိုယ်တိုင်တင်ပြခဲ့သည်။

၈။ ၂ ပတ်အကြာတွင်ပြည်သူ့လွှတ်တော်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့်ပြည်သူများ နစ်နာမှုမရှိစေရေးကော်မရှင် အတွင်းရေးမှူးဦးသိန်းထွန်း၊ လွှတ်တော်အမတ်များနှင့် သက်ဆိုင်ရာဌာနများကအမှုဖြစ်ပွားရာကျေးရွာသို့ လာရောက်ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထိုစုံစမ်းစစ်ဆေးရေးဇဟိုကော်မရှင်၏ အစီရင်ခံစာထဲတွင်လည်း အသုံးပြုထားသောမြေအား လျော်ကြေးပေးရန်နှင့် အသုံးမပြုထားသောမြေဧက ၃၀ အားပြန်လည်စွန့်လွှတ်သင့်ကြောင်း အကြံပြုချက်ဖော်ပြခဲ့သည်။

၉။ ၂၀၁၅ ခုနှစ်အတွင်း အစိုးရအပြောင်းအလဲကာလတွင် မည်သည့်သတင်းအချက်အလက်မျှမကြားခဲ့ရပါ။ အစိုးရသစ်၏ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီးနောက်

အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်တွင် တိုင်ကြားစာ ပြန်လည်တင်ပြခဲ့သော်လည်း အကြောင်းမကြားခြင်း၊ မည်သည့်စုံစမ်းစစ်ဆေးခြင်းများမပြုလုပ်ခဲ့ပါ။

၁၀။ ယခင်တောင်သူ ၅ ဦးစိုက်ပျိုးခဲ့သော မြေဧက ၃၀ မှာယခုအခါ လစ်လပ်နေသည့်အတွက် ၁၆.၁၂.၁၀၁၆တွင် တောင်သူ ၄ ဦးစိုက်ပျိုးခွင့်ရရန် မြေသိမ်းခံရသူ ၂ ဦးမှဦးဆောင် လက်မှတ်ရေးထိုးပြီး လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲလျှက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသို့ စာတင်အကြောင်းကြားကာဝင်ရောက်စိုက်ပျိုးခဲ့သည်။ ခရိုင်အဆင့် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်လည်း လူကိုယ်တိုင်တွေ့ဆုံအသိပေးကာ မြေသိမ်းခံရသူများ၏အခက်အခဲနှင့်အခြေအနေကို ရှင်းပြခဲ့ပါသည်။ ထိုသို့ ဝင်ရောက်လုပ်ကိုင်ရာတွင် တားမြစ်ချက်တစ်စုံတစ်ရာမရှိခဲ့ပါ။ သို့သော်လည်း ပဲသီးနှံရိတ်သိမ်းပြီးချိန် ၄ လခန့် စိုက်ပျိုးအပြီးတွင်စက်မှုလက်မှုသိပ္ပံကျောင်းမှ ခြံစည်းရိုးကာရံခဲ့သည်။

၁၁။ ခြံစည်းရိုးကာရံပြီး ၂ လခန့်အကြာတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးမှ မြေ ၁ ဧကလျှင် ၅ သိန်းလျော်ကြေးငွေပေးမည်ဟု လာရောက် ညှိနှိုင်းခဲ့သည်။ မြေသိမ်းခံရသူများမှ ၎င်းတို့သည် ထိုမြေအား အသုံးပြုလိုပါသည်။ သို့မဟုတ်ပါက ဒေသပေါက်စျေးအတိုင်းသာလျော်ကြေးငွေယူလိုသည်ဟုပြောဆိုခဲ့သည်။

၁၂။ ၄.၁၂.၂၀၁၇ တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ချိန်းဆိုကာ ၁ ဧက သိန်း ၂၀ ပေးလျော်မည်ဟူသည့်အကြောင်းအားတွေ့ဆုံပြောကြားခဲ့ပါသည်။ မြေသိမ်းခံရသူများက စီမံကိန်းအသုံးပြုသည့်မြေအား ၁ ဧကသိန်း ၂၀ နှင့် စီမံကိန်းမှအသုံးမပြုထားသောမြေအား ၁ ဧက သိန်း ၄၀ ရယူမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးခဲ့သည်။

၁၃။ ၂၀၁၈ နှစ်စပိုင်းမှစတင်ကာမြို့နယ်အဆင့်၊ ခရိုင်အဆင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် သွားရောက်စုံစမ်းခဲ့ရာတွင်အထက်အဆင့်ဆင့်ကို တင်ပြထားပါသည်ဆိုသည့် တုံ့ပြန် ပြန်ကြားမှုကိုရရှိခဲ့ပါသည်။

## ကြုံတွေ့ရသည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ

မြေသိမ်းခံရသူများသည် ၎င်းတို့ဆုံးရှုံးထားသောမြေများကိုပြန်လည်အသုံးပြုလိုသော်လည်း ၎င်းတို့တွင်ကြောက်ရွံ့စိတ်များရှိနေခဲ့သည်။ တိုင်ကြားစာများရေးရာတွင်လည်း ၎င်းတို့လက်မှတ်ထိုးတိုင်ကြားလျှင် ဆိုးဝါးသည့်အခြေအနေများနှင့်ကြုံတွေ့မည်ကိုစိုးရွံ့နေခဲ့သည်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးမှလည်း ၎င်းတို့အားဆက်မကြိုးစားပါနှင့် အဖမ်းခံရလိမ့်မည်၊ မြေပြန်ရတော့မည်မဟုတ်ဟုဆိုခဲ့သည်။ ရဲတပ်ဖွဲ့မှလည်းမကြာခဏ လာရောက်စစ်ဆေးမေးမြန်းခဲ့သည်။ စက်မှုလက်မှုသိပ္ပံ ကျောင်းမှဝန်ထမ်းများကလည်းခြိမ်းခြောက်ပြောဆိုမှုများ ရှိခဲ့သည်။ ဥပဒေအထောက်အကူပြု၏ ဥပဒေနည်းလမ်းအရ လုပ်ကိုင်ကြိုးပမ်း

မှုဖြစ်ကြောင်းရှင်းပြရသည်။ မြေသိမ်းခံရသူများအား ဥပဒေအသိပညာပေးလုပ်ငန်းများ မကြာခဏပြုလုပ်ခဲ့သည်။

## အခြားနည်းလမ်း (၄) တရားစွဲဆိုခြင်း

အချို့သောမြေသိမ်းမှုများသည် သက်ဆိုင်ရာဒေသရှိ အစိုးရအဖွဲ့အစည်းများနှင့်ပြည်ထောင်စုအဆင့်ကော်မရှင်များ၊ ကော်မတီများမှစုံစမ်းစစ်ဆေးကာ ကော်လိပ်တော်အရာရှိမှ လျော်ကြေးသတ်မှတ်ကာမြေသိမ်းသူ ( စစ်တပ်၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိကလုပ်ငန်းရှင် ) မှ မြေသိမ်းခံရသူများအား လျော်ကြေးငွေပေးချေရန်ဆုံးဖြတ်ထားပြီး၊ ညွှန်ကြားထားပြီးဖြစ်သော်လည်း တစ်နှစ်အတွင်းလျော်ကြေးငွေပေးအပ်ခြင်းမရှိပါက မည်သည့်အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာထူးခြားမှုမရှိသည့်အခါတွင် လျော်ကြေးငွေပေးအပ်ရမည့် မြေသိမ်းသူ ( စစ်တပ်၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိကလုပ်ငန်းရှင် )အား တရားစွဲဆိုကာ နစ်နာကြေး၊လျော်ကြေးများကို တောင်းဆိုခြင်းဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေများတွင် ဥပဒေကျွမ်းကျင်သော ဥပဒေပညာရှင်များနှင့် တိုင်ပင်အကြံဉာဏ်ရယူကာ ဥပဒေအထောက်အကူပြုမှုကူညီ၍ မြေသိမ်းခံရသူများ အနေဖြင့်တရားစွဲဆိုနိုင်သည်။( အခန်း(၃) ၏ ကုစားနည်း(၅) တွင် သက်ဆိုင်သည့် ဥပဒေများကိုကြည့်ပါ။ )

## တရားစွဲဆိုမည်ဆိုပါက ပြုလုပ်ရမည့်လုပ်ငန်းအဆင့်ဆင့်

### ၁။ မြေသိမ်းခံရသည့်သူများ၏ သက်သေခံအထောက်အထားအချက်အလက်များစုဆောင်းခြင်း

(က) မြေသိမ်းခံရသူ၏ ယခင်အထောက်အထားများ(အခန်း၄တွင်ဖော်ပြထားသည့်လိုအပ်သောအထောက်အထားများ )

(ခ) မြေသိမ်းခံရစဉ်က အကြောင်းကြားစာ ရရှိခြင်း ရှိ/ မရှိ၊ မြေသိမ်းခံရစဉ်က လျော်ကြေးနစ်နာကြေးရခြင်း ရှိ/မရှိ၊ မြေသိမ်းခံရစဉ်က မြေအစားပြန်ရခြင်းရှိ/မရှိ

(ဂ ) မြေသိမ်းခံရပြီးနောက် တိုင်ကြားထားသည့် အထောက်အထားစာရွက်စာတမ်းများ

(ဃ)မြေအသိမ်းခံရသည့် အချက်အလက်နှင့် ပတ်သက်သည့် သက်ဆိုင်ရာအစိုးရများ၊ ကော်မရှင်များ၊ ကော်မတီများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သုံးသပ်ဆုံးဖြတ်ထားသည့်စာရွက်စာတမ်းများ

### ၂။ တရားစတင်စွဲဆိုနိုင်ရန်ပြင်ဆင်ခြင်း

(က) အစိုးရ၊ စစ်တပ်နှင့် ဌာနဆိုင်ရာများဖြစ်ပါက တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀ အရ နို့တစ်စာ ၂ လပို့ရန် ( မြေသိမ်းခံရသူအရေအတွက်နှင့် ဧကအရေအတွက်အလိုက် နစ်နာကြေး၊ လျော်ကြေးငွေများတွက်ချက်ပြီး မြေသိမ်းခံရသူများ လက်မှတ်ရေးထိုးစေ၍ နို့တစ်စာပို့ရန်။ )

(ခ) တရားမနစ်နာမှုစွဲဆိုရန်အတွက်၊ တရားစွဲခေါင်းအား မြေသိမ်းခံရသူများ၏ နစ်နာကြေး၊ လျော်ကြေးတန်ဖိုးအလိုက် ဝယ်ယူထားရန်။

- တရားစွဲခေါင်းအားငွေကျပ် တစ်သိန်း တန်ဖိုးရှိက ၅ထောင်ကျပ်တန်တရားစွဲခေါင်း
- ငွေကျပ် တစ်သိန်းအထက် တန်ဖိုးအားလုံး၏ ၀.၅ ဖြင့် ( ငွေကျပ်သိန်းတစ်ထောင်တန်ဖိုးနှင့်အထက်၊ ငွေကျပ် ငါးသိန်းတန် တရားစွဲခေါင်း )

(ဂ) တရားမနစ်နာမှုစွဲဆိုနိုင်ရန် တန်ဖိုးအလိုက်၊ တရားရုံးတင်နိုင်ရန် ( ငွေကျပ်သိန်းတစ်ရာအထိ မြို့နယ်တရားရုံး၊ ငွေကျပ်သိန်း တစ်ရာမှ ငွေကျပ်သိန်းတစ်သောင်းအထိ ခရိုင်တရားရုံး၊ ငွေကျပ်သိန်းတစ်သောင်းအထက် တိုင်းဒေသကြီး/ ပြည်နယ်တရား လွှတ်တော် ) အတွက်အဆိုလွှာရေးသားပြင်ဆင်ထားရန်။

(ဃ) တရားစွဲဆိုမည့် တရားမအဆိုလွှာတွင် တရားလိုမြေသိမ်းခံရသူများအား လက်မှတ်ရေးထိုးခြင်း၊ ရှေ့နေကိုယ်စားလှယ်စာတွင် တရားလိုမြေသိမ်းခံရသူများအား လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ထားရန်။

(င) တရားစွဲဆိုမည့် တရားမအဆိုလွှာတွင် ပူးတွဲတင်သွင်းမည့် စာရွက်စာတမ်းအထောက်အထား၊ အားကိုးအားထားပြုသည့် စာရွက်စာတမ်းအထောက်အထားများအား သက်သေခံတင်သွင်းရမည့်သက်သေများအားစာရင်းပြုစုတွေ့ဆုံဆွေးနွေးထားရန်။

## ၃။ တရားရုံးတွင် အမှုစတင်စွဲဆိုခြင်း

(က) တရားမနစ်နာမှုစွဲဆိုမည့် တရားရုံးတွင် အဆိုလွှာအား တရားလိုများအနေဖြင့် အမှုစတင် လျှောက်ထားရမည်။ တရားစွဲဆိုခံထားရသည့် တရားပြိုင်ဖက်မှ ရုံးတော်ရှေ့သတ်မှတ်သည့်ရုံးချိန်းတွင် လာရောက်သတင်းပို့မည်။

(ခ) တရားပြိုင်များဖက်မှ ( အစိုးရ၊ စစ်တပ်၊ ဌာနဆိုင်ရာများ ) ဖြစ်ပါက ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများပါဝင်မည်။

(ဂ) တရားပြိုင်များဖက်မှ ( ကုမဏီများ၊ လုပ်ငန်းရှင်များ ) ဖြစ်ပါက ရှေ့နေများကိုယ်စားလှယ်စာဖြင့်ဝင်ရောက်မည်။

(ဃ) တရားပြိုင်များဖက်မှ မေးခွန်းမေးမြန်းခြင်း၊ အချက်အလက်တောင်းခံခြင်း၊ စာရွက်စာတမ်း ကြည့်ရှုကူးယူခြင်း ဆောင်ရွက်နိုင်သည်။

(င) တရားပြိုင်များဖက်က ချေပလွှာအား ရုံးတော်မှသတ်မှတ်သည့် ရုံးချိန်းတွင် တင်သွင်းရမည်။

(စ) တရားရုံးမှ ငြင်းချက်ထုတ်သည့် နေ့တွင် တရားလိုများနှင့်ရှေ့နေ၊ တရားပြိုင်များနှင့်ရှေ့နေ ပြည့်စုံစွာတက်ရောက်ရမည်။ နှစ်ဖက်ရှေ့နေများက စာရွက်စာတမ်းစာရင်းများ၊ သက်သေစာရင်းများတင်သွင်းရမည်။

(ဆ) တရားရုံးမှသတ်မှတ်သည့် တရားလိုဖက်ကဖြစ်စေ၊ တရားပြိုင်ဖက်ကဖြစ်စေ စတင်စစ်ဆေးရမည်။ တရားလိုနှင့် တရားလိုပြသက်သေများ စစ်ဆေးရမည်။ တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများ စစ်ဆေးရမည်။ နှစ်ဖက်လျှောက်လဲချက်ကြားနာရမည်။

(ဇ) တရားရုံး၏ စီရင်ချက်အမိန့်နှင့် ဒီဂရီချမှတ်မည်။

## ၄။ တရားရုံး၏ ဒီဂရီအား အတည်ပြုပေးရန်အတွက် လျှောက်ထားရန် ( တရားမ ဇာရီမှု )

(က) တရားရုံး၏ စီရင်ချက်အမိန့်နှင့် ဒီဂရီအား တာဝန်ခံမိတ္တူမှန်ကူးရန်။

(ခ) မူလတရားမရုံးတွင် ဇာရီလျှောက်လွှာနှင့် မူလရုံး၏စီရင်ချက်နှင့် ဒီဂရီပူးတွဲရွေ့ ဇာရီမှုလျှောက်ထားရန်။

(ဂ) တရားမ ဇာရီမှုတွင် တရားရုံးမှ တရားမဥပဒေကျင်းထုံးနှင့်အညီ ဆင့်ခေါ်ရွှေ့ဆက်လက်ဆောင်ရွက်ရန်။


**ကြုံတွေ့ရသောအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့်ပုံစံများ**

- တရားရုံးတွင်ကြုံတွေ့နိုင်သော အခက်အခဲ၊ လုပ်ထုံးလုပ်နည်းများအား ဖြေရှင်းနိုင်ရန်အတွက် တရားမကျင်းထုံး ဥပဒေအား လေ့လာကျွမ်းကျင်သော ရှေ့နေကြီးများနှင့် အကူအညီတောင်း၍ဖြစ်စေ၊ အကြံဉာဏ်ယူခြင်းဖြင့်ဖြစ်စေ၊ ရှေ့နေအဖြစ်လိုက်ပါစေခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ရမည်ဖြစ်သည်။
- တရားမနစ်နာမှုစွဲဆိုရာတွင် တရားလိုများ၊ တရားပြိုင်များ၊ သက်သေများ ရုံးတော်ရှေ့လာရောက်နိုင်သည့်အခြေအနေ ၊ ရုံးချိန်းညှိနှိုင်းသတ်မှတ်ရခြင်း။
- တရားလိုများ၏ ရှေ့နေ၊တရားပြိုင်များ၏ ရှေ့နေတို့၏ ရုံးတော်ရှေ့လာရောက်နိုင်သည့်အခြေအနေ၊ ရုံးချိန်းညှိနှိုင်း သတ်မှတ်ရခြင်း။
- တရားရုံးထိုင် တရားသူကြီးများ၏ ဌာန၏တာဝန်များ အပြောင်းအရွှေ့များ၊ ကျန်းမာရေးများအခြေအနေအရရုံးချိန်းညှိနှိုင်းသတ်မှတ်ရခြင်း။
- အထက်ဖော်ပြပါ အခြေအနေများအရ မူလတရားမကြီးမှုသည် ၆ လမှ ၁ နှစ်ဝန်းကျင်ကြာမြင့်လေ့ရှိကြသည်။


## မြေသိမ်းဆည်းမှုပြဿနာ၊ ဖြေရှင်းရန် နည်းလမ်းများနှင့်ရနိုင်သော ရလာဒ်များကိုချိတ်ဆက်ကြည့်ခြင်း

ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်း (သို့) ဥပဒေအရ လုပ်ဆောင်ရမည့်လုပ်ငန်းအဆင့်တိုင်းကို ပြည့်စုံစွာမလုပ်ခဲ့သော ( တစ်စိတ်တစ်ပိုင်းသာ လိုက်နာလုပ်ကိုင်ခဲ့သော ) မြေသိမ်းမှုများကို ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့် ရနိုင်ဖွယ်ရှိသော ရလာဒ်များကိုချိတ်ဆက်ဖော်ပြထားပါသည်။ မြေသိမ်းခံရသူသည် မိမိ၏မြေသိမ်းခံရပုံနှင့် မည်သို့ဆောင်ရွက်သင့်သည်၊ မည်သည့်ရလာဒ်များ ရရှိနိုင်သည်ဆိုသည်ကို နားလည်သဘောပေါက်ထားစေရန်ဖြစ်ပါသည်။

၁၈၉၄ မြေသိမ်းဥပဒေနှင့် အညီ (သို့) တစိတ်တပိုင်းအရ သိမ်းဆည်းခံထားရသော မြေသိမ်းမှုအား ဖြေရှင်းရန် နည်းလမ်းများနှင့် ရနိုင်သောရလာဒ်များ




ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီညွတ်ဘဲ သိမ်းဆည်းခံထားရသော မြေသိမ်းမှုအား ဖြေရှင်းရန်နည်းလမ်းများနှင့် ရနိုင်သောရလာဒ်များ



## အခြားဆောင်ရွက်နိုင်သောနည်းလမ်းများ

Namati Myanmar မှဥပဒေအထောက်အကူပြုသူများသည်အထက်ဖော်ပြပါ နည်းလမ်းများကို ၂၀၁၃ ခုနှစ်မှယနေ့ချိန် ထိ အသုံးပြုခဲ့ (သို့မဟုတ်) အသုံးပြုနေဆဲ ဖြစ်သည်။ သို့ပေမယ့် မြေယာပြဿနာများကိုဖြေရှင်းနေစဉ်အတွင်း မြေယာပြဿနာ များကို ကူညီဖြေရှင်းပေးနေသည့် ကော်မတီများသာမဟုတ်ဘဲ အခြားတိုင်ကြားသင့်သည့် ကော်မတီများ၊ အဖွဲ့အစည်းများသို့လည်း ၎င်းတို့၏ ကြုံတွေ့ရသော တရားမျှတမှုမရှိသည့် ဖြစ်ရပ်များ၊ဆုံးဖြတ်ချက်ချမှတ်ခံရမှုများကို အောက်ဖော်ပြပါ အခြားအဖွဲ့အစည်း များသို့ တင်ပြခြင်း၊ အကူအညီပေးရန်တောင်းဆိုမှုများပြုလုပ်ခဲ့သည်။ သို့ပေမယ့် ထိုအဖွဲ့အစည်းများ၊ ကော်မတီများသီးသန့်အနေ ဖြင့် ၎င်းတို့၏မြေယာပြဿနာများကို ဖြေရှင်းပေးနိုင်လိမ့်မည်မဟုတ်ပါ။ ထိုပြဿနာများကို ပြေလည်သွားနိုင်စေမည့်အထောက် အပံ့ပေးနိုင်မည့် အဖွဲ့အစည်းများသာဖြစ်ပါသည်။

## အဂတိတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခြင်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ (၂၀၁၃) ပုဒ်မ ၃(က) အရ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးကိုအလွဲသုံးစားလုပ်၍ တစ်စုံ တစ်ရာကိုပြုလုပ်ရန်၊ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အားဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေး ပေးရန် (သို့) ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် ... စသည်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုလိုသည်ဟုအဓိပ္ပါယ်ဖွင့်ဆိုထားသည်။

### တိုင်ကြားရာတွင်သတိပြုရမည့်အချက်များ

- တိုင်ကြားသည့်အမှုသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့၏ နောက်ပိုင်းကာလများတွင်ဖြစ်ပွားသော အဂတိ လိုက်စားမှုဖြစ်ရမည်။
- လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင်အထောက်အကူဖြစ်စေရန်အတွက်အဂတိလိုက်စားကြောင်း ပြင်ပတွင် ကြားသိနေသည့်အပြင်သို၊ ပတ်ဝန်းကျင်အများပြောနေသည့်သတင်းတို့ဖြင့်တိုင်ကြားခြင်းမပြုဘဲ အရေးကြီးသည့်သက် သေခံချက်ပါရှိရမည်။
- စုံစမ်းစစ်ဆေးရမည့်ကိစ္စဖြစ်ပါက အမှန်တကယ်နစ်နာသူဟုတ်၊ မဟုတ်သိရှိနိုင်ရန်လိုအပ်ပါကဆက်သွယ်ခေါ်ယူမေးမြန်း စုံစမ်းနိုင်ရန်နှင့် အခြားသူ၏အမည်ကိုအလွဲသုံးစားပြု၍ တိုင်ကြားခြင်းအားကာကွယ်နိုင်ရန်အတွက်တိုင်ကြားသည့် နစ် နာသူ၏ အောက်ဖော်ပြပါအချက်အလက်များပါရှိရမည်။
    - ✓ အမည်

- ✓ လက်မှတ်
- ✓ နိုင်ငံစိစစ်ရေးကဒ်ပြားမိတ္တူ
- ✓ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံကို ကော်မရှင်သို့တိုက်ရိုက်လိပ်မူပေးပို့ရပါမည်။

ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးမှုမပြုရသည့် အချက်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၂ တွင် ပြဌာန်းထားရှိပါသည်။

### သတင်းမီဒီယာများသို့ တင်ပြခြင်း

ပြည်သူလူထုမှ မြေသိမ်းခံရသည့်မိမိ၏အမှုကိုအာရုံစိုက်လာစေရန်

### လူထုတောင်းဆိုပွဲများပြုလုပ်ခြင်း

# အခန်း ၆

## မြေသိမ်းမှုဖြေရှင်းမည့်သူများနှင့်
## ဥပဒေအထောက်အကူပြုများအတွက်
## လက်တွေ့အသုံးဝင်သောအကြံပြုချက်များ

အထက်တွင်လေ့လာနိုင်ရန်ပြုစုထားသော သတင်းအချက်အလက်များ၊ အတွေ့အကြုံများသည် ဥပဒေအထောက်အကူပြုများနှင့်မြေသိမ်းဆည်းမှုခံရသူများကိုယ်တိုင် လေ့လာအသုံးချနိုင်စေရန် အဖြစ်များသောမြေသိမ်းမှုပုံစံများနှင့် ဆောင်ရွက်လေ့ရှိသော နည်းလမ်းများကို တင်ပြထားခြင်းဖြစ်သည်။ သို့ပေမယ့် မြေသိမ်းမှုများကို ပြန်လည်ကုစားနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရပ်ရွာဒေသအတွင်းရှိ မြေသိမ်းခံရသူများ၊ တောင်သူလယ်သမားများနှင့် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ဆောင်ရွက်ရမည့်အရာများ၊ ရှောင်ရှားသင့်သည့် အရာများနှင့်အတူ အကူအညီပေးနေသူများတွင် ရှိသင့်ရှိအပ်သည့် ကျင့်ဝတ်များ သိရှိလိုက်နာနိုင်မှသာမိမိတို့ ကြိုးပမ်းနေသော အမှုများ အဆင်ပြေချောမွေ့စွာဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

| မြေသိမ်းခံရသူများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် | |
|---|---|
| လုပ်ဆောင်ရမည့်အချက်များ | ရှောင်ရှားရမည့်အချက်များ |
| ▪ ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံခြင်း။<br>▪ ဥပဒေအထောက်အကူပြု၏ မြေသိမ်းမှုကို ဖြေရှင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်နှင့် ဥပဒေ အကြောင်းရာများကို တင်ကြိုနားလည်စေရန် ရှင်းလင်းပြောပြထား ခြင်း။<br>▪ မြေသိမ်းခံရသူများ၏ ခံစားချက်များအား စိတ်ရှည်စွာလက်ခံနားထောင်ပေးခြင်းနှင့် စာနာကြောင်းပြောကြားခြင်း<br>▪ အမှုတည်ရှိရာပတ်ဝန်းကျင်အားသိရှိထားသောအချက်အလက်မှန်၊ မမှန် လေ့လာစုံစမ်းခြင်းနှင့် ပတ်ဝန်းကျင်အားမေးမြန်းရာတွင် လိမ္မာ/ပါးနပ်ခြင်းရှိမှု။<br>▪ ဖြစ်ပွားသောအမှုမကြီးထွားစေရန်နှင့်  နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးပေးခြင်းနှင့် ဖြစ်ချင်သောဆန္ဒနှင့် ဖြစ်သင့်သောအရာမှာ ထပ်တူမကျပါကဖြစ်နိုင်ချေကို အမှုသည်လက်ခံလာအောင် ရှင်းပြခြင်း။<br>▪ အမှုသည်များနှင့်ပတ်သက်ပြီး  အရေးကြီးနေသောအခြေအနေတစ်ရပ်ရပ်ကိုရောက်ရှိနေပါက နေ့ညမရွေး (မဆိုင်းမတွ) သွားရောက် ကူညီပေးရမည်။<br>▪ ရပ်ရွာလူထုကို အသိပညာ စွမ်းဆောင်ရည်မြှင့်တင်ပေးမှုကို မှန်မှန်ပြုလုပ်ပေးခြင်း။ | ▪ အမှုသည်အား မလိုလားအပ်ဘဲ မပြောသင့် မပြောအပ်သော စကားအသုံးအနှုန်းများ၊ စိတ်ဓာတ်ကျစေနိုင်သော မိမိကြောင့်ပြဿနာအားပိုမိုကြီးထွားစေနိုင်သော အပြောအဆို အပြုအမူများကို ရှောင်ကြဉ်ရမည်။<br>▪ ပုဂ္ဂိုလ်စွဲ၊ အဖွဲ့စွဲထားကာ ခွဲခြားဆက်ဆံမှုမပြုရ။<br>▪ အမှုသည်အားအမှု မြန်ဆန်စွာပြီးစီးစေရန် ဖိအားပေး အကြပ်ကိုင်ခြင်းမပြုလုပ်ရ။<br>▪ အမှုပြီးဆုံးမည်ဆိုသည့် မျှော်လင့်ချက် ကတိကဝတ်အား လွန်ကဲစွာမပေးမိရန်။ |

| အစိုးရဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကော်မတီများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် | |
|---|---|
| လုပ်ဆောင်ရမည့်အချက်များ | ရှောင်ရှားရမည့်အချက်များ |
| ▪ မတွေ့ဆုံခင် ကြိုတင်ပြင်ဆင်ပြီးမှသာ သွားရောက်ရန်။( ပြောမည့်<br>▪ အကြောင်းအရာ၊ တောင်းဆိုမည့်စာရွက်စာတမ်း )<br>မိမိသွားလိုသည့် ဌာနဆိုင်ရာများနှင့် ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်း လုပ်ထုံး လုပ်နည်းများကို မသွားခင်ကြိုတင် လေ့လာထားရန်။<br>▪ တရားဝင်မိတ်ဆက်ခြင်း။ (ရည်ရွယ်ချက်၊ အကြောင်းအရာ)<br>ယုံကြည်မှု တည်ဆောက်ခြင်း။ လိုအပ်ပါက စနစ်တကျ စာတင်ပြီး<br>▪ တရားဝင်တွေ့ဆုံခြင်း<br>ဆက်သွယ်ဆက်ဆံရာတွင် မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းနှင့် တိကျခိုင်မာသော အကြောင်းအရာများကိုသာ ရှင်းလင်းစွာပြောဆိုခြင်း/<br>▪ တောင်းဆိုခြင်းနှင့် တရားဥပဒေဘောင်အတွင်းမှ သာ ပြုမူပြောဆိုဆောင်ရွက်ခြင်း။<br>▪ လိုအပ်ပါက ဥပဒေ ရည်ညွှန်းချက်အကြောင်းအရာများအားတိကျစွာ ထောက်ပြပြောဆိုရန်။<br>▪ ဆောင်ရွက်နေသောအမှုကို အချိန်နှင့်တစ်ပြေးညီစဉ် ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်း။ | ▪ ဌာနဆိုင်ရာ ဂုဏ်သိက္ခာထိခိုက်စေမည့် အပြောအဆို၊အပြုအမူများ မပြုလုပ်ရ။<br>▪ တံစိုးလက်ဆောင်၊ ငွေကြေး ပေးကမ်းခြင်းမပြုလုပ်ရ။ ပုဂ္ဂိုလ်ရေးဆန်သော တိုက်ခိုက်ပြောဆိုသည့်အပြောအဆိုများကို ရှောင်ကြဉ်ရမည်။<br>▪ ဌာနဆိုင်ရာ အချင်းချင်းကြား ကြားမဝင်ရ။ |

မြေသိမ်းဆည်းမှုများကိုကူညီဆောင်ရွက်ပေးနေသောဥပဒေအထောက်အကူများနှင့်မြေသိမ်းဆည်းခံရသူများကိုယ်တိုင်သတိပြုလိုက်နာ၊ ကျင့်သုံးတတ်စေရန် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုစုစည်းထားပါသည်။ ထိုအချက်များထဲမှ အရေးပါသောအချက် ၂ ချက် နှင့် အရေးကြီးပုံများကို ဥပမာပေးတင်ပြလိုပါသည်။

ဥပမာ (၁)

အစိုးရဌာနဆိုင်ရာများ၊ တာဝန်ရှိသူ ကော်မတီများနှင့်ဆက်ဆံဆောင်ရွက်ရာတွင်ယုံကြည်မှုတည်ဆောက်ခြင်း၊ရင်းနှီးမှုမရှိပါက လိုအပ်နေသော အချက်အလက်များ လွယ်ကူချောမွေ့စွာရရှိနိုင်ရန် ခက်ခဲမည်။ အမှုတည်ဆောက်ရန် ကြန့်ကြာမည်။

ဥပမာ (၂)

အစိုးရဌာနဆိုင်ရာများ၊ တာဝန်ရှိသူကော်မတီများနှင့် မတွေ့ဆုံခင် ကြိုတင်ပြင်ဆင်ပြီးမှသာ သွားရောက်ရန်။ (ပြောမည့်အ ကြောင်းအရာ၊ တောင်းဆိုမည့်စာရွက်စာတမ်း )

အစိုးရဝန်ထမ်းများ၊ တာဝန်ရှိသူများသည် အလုပ်များသူများ၊ အချိန်မပေးနိုင်သူများဖြစ်သည့်အလျောက် ၄င်းတို့နှင့် မတွေ့ ဆုံမီ လိုအပ်သော ပြင်ဆင်မှုများပြုလုပ်သွားရမည်။

### ထားရှိသင့်သည့်ကျင့်ဝတ်များ

- အမှုသည်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးကြီးသောသတင်းအချက် အလက်များကို ထိန်းသိမ်းထားခြင်း။
- အမှုသည်ထံမှ ငွေကြေးတံစိုးလက်ဆောင် တောင်းခံခြင်းမပြုလုပ်ရ။
- အမှုသည်၊ အစိုးရဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ချိန်တွင် အရက်သေစာ မူးယစ်ဆေးဝါးများ မသုံးစွဲရန်၊ သုံးစွဲထားပါက သွားရောက်တွေ့ဆုံခြင်းမပြုလုပ်ရန်။

# Namati အကြောင်း

Namati သည် ဥပဒေရေးရာစွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျှက်ရှိသော နိုင်ငံတကာအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ဥပဒေအကာအကွယ်ကိုမခံစားရသူအရေအတွက် ၄ ဘီလီယံခန့်ရှိရာလူထု၏လက်တွင်းသို့ ဥပဒေ ရောက်ရှိရေးက Namati ကစူးစိုက်နှစ်မြှုပ်၍ ဆောင်ရွက်လျက်ရှိနေပါသည်။ Namati အနေဖြင့် " ရပ်ရွာလူထုဥပဒေရေး ရာအထောက်အကူပြုသူများ" အားကောင်းမြင့်မားလာရေးကို ရှေးရှုလုပ်ဆောင်လျှက် ရှိပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် ရေးသားပြဋ္ဌာန်းထားသောဥပဒေများနှင့် လူတို့၏လက်တွေ့ဘဝတွင် အမှန်တကယ်သက်ရောက်မှုများအကြား ကွာဟနေမှု များအားဖြည့်ဆည်းပေးနိုင်ရန်အတွက် ဒေသခံလူထုနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျှက်ရှိပါသည်။ ထို့ပြင် Namati သည် ရပ်ရွာဘုံပိုင်မြေများ ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ လက်တွေ့ဖော်ဆောင်နိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံသားဖြစ်မှု အခြေခံအခွင့်အရေးများ ရရှိရေးတို့အတွက် နိုင်ငံ (၈) နိုင်ငံမှ အမှုသည်ပေါင်း ၄၀၀၀၀ ကျော်နှင့် လက်တွဲလုပ်ဆောင် လျှက်ရှိပါသည်။ ယခုကဲ့သို့ အောင်မြင်မှုအဆင့်ဆင့်မှ အတွေ့အကြုံများအပေါ်အခြေခံ၍ ဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းသာမက အဆိုပါဥပဒေများကိုလက်တွေ့ဖော်ဆောင်ကြမည့် အဖွဲ့အစည်းများတွင်ပါ ကြီးမားသော ပြုပြင် ပြောင်းလဲမှုများ ပေါ်ပေါက်လာသည်အထိကို Namati မှ ဦးတည်လုပ်ဆောင်လျှက်ရှိပါသည်။ ထို့ပြင်ကမ္ဘာလုံးဆိုင်ရာ ဥပဒေ အသိပညာ မြှင့်တင်ရေးကွန်ရက်ကိုလည်း Namati က ဦးဆောင်လျှက်ရှိပြီး အဆိုပါကွန်ရက်တွင် ဥပဒေအသိပညာ မြှင့်တင်ရေး ကို တစိုက်မတ်မတ် လုပ်ဆောင်လျှက်ရှိသည့်အဖွဲ့ဝင်ဦးရေ ၄၀၀၀ကျော် နှင့် အဖွဲ့အစည်းအနေဖြင့် အဖွဲ့ဝင်အဖြစ် ၁၀၀၀ကျော်ပါဝင်သည်။

Namati သည် မြန်မာနိုင်ငံ၌ မြေယာအခွင့်အရေး များ(မှတ်ပုံတင်လျှောက်ထားခြင်း၊ မြေယာအမျိုးအစားပြန်လည်ခွဲခြားသတ်မှတ်ခြင်းသတ်မှတ်နှင့်မြေယာသိမ်းဆည်းမှုများ) အတွက် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်း မှ စတင် ၍ရုံးခွဲဖွင့်လှစ်ဆောင်ရွက်လျှက်ရှိပါသည်။ ထိုအချိန်မှစ၍ စီမံကိန်းလုပ်ငန်းများဆက်လက်ကျယ်ပြန့်လာကာ ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်း ၇ ခုတွင် လယ်သမားများအားကူညီပံ့ပိုးနေသော ဥပဒေရေးရာအထောက်အကူပြုသူ၆၁ ဦးအားကွန်ရက်ချိတ်ဆက်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ လက်ရှိမဟာမိတ်အဖွဲ့အစည်းများအနေဖြင့် အရပ်သားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ ကြိုးပမ်းလှုပ်ရှားမှုအဖွဲ့ (CPRCG)၊ သံလွင်သစ္စာ၊ တောင်သူဖွံ့ဖြိုးရေးသင်တန်းကျောင်း ( Green Peasant Institute ) နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေး နှင့်ကာကွယ်ရေးအဖွဲ့ ( Human Rights Watch and Defense ) နှင့် လက်တွဲလုပ်ကိုင်နေ ပါသည်။

# မှတ်တမ်းတင်ဂုဏ်ပြုလွှာ

ယခုစာစောင်ပါ အကြောင်းအရာများကို ဥပဒေအထောက်အကူပြုများဖြစ်သည့် ဦးမင်းလွင် ( CPRCG ) ၊ ဦးဌေးလွင် ( CPRCG ) ၊ဦးသန်းနိုင် ( CPRCG ) ၊ ဦးဝင်းနိုင်ဌေး ( CPRCG ) ၊ဦးတင်စိုးဌေး ( GPI ) ၊ဒေါ်မြသက်ခိုင်( GPI ) နှင့် ဦးသူထိန်အေး ( GPI ) တို့၏ မြေသိမ်းဆည်းခြင်းနှင့် ဆိုင်သည့် မြေယာမှုခင်းများအား ဥပဒေရေးရာ အထောက်အကူပြုနည်းများဖြင့် မြေပြင်တွင်လုပ်ဆောင်သည့် လက်တွေ့အတွေ့အကြုံများ၊ အကြံပြုချက်များဖြင့် အခြေပြုကာကြိုးပမ်း ဖော်ထုတ်ခဲ့ကြ ခြင်းဖြစ်သည်။ ယခုစာစောင်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး ဥပဒေရေးရာရှုထောင့်မှ အကြံဉာဏ်များပေးခဲ့သောတရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်နှင့် ဤစာတမ်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးပေးခဲ့သောသူများအားလုံးကို စာစောင်ပြုစုသူမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ စာတမ်းပြုစုသူအား လိုအပ်သည့် အကြံပြုချက်များ၊ ဖြည့်စွက်ချက်များကို ဒေါ်နွယ်နီစိုး nwenisoe@namati.org သို့ အီးမေး ရေးသားပေးပို့နိုင်ပါ သည်။

ဤစာစောင်ပါနည်းလမ်းများမှာ မြေယာသိမ်းဆည်းမှုကိုကြုံတွေ့နေရသူများအနေနှင့် ကိုယ်တိုင်လက်တွေ့ကျင့်သုံး ဖြေရှင်းနိုင်ရန်အတွက် ရည်ရွယ်ပါသည်။ မြေသိမ်းဆည်းခြင်းခံရသူများသည် ၄င်းတို့ရင်ဆိုင်နေရသောအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေတစ်ခုသို့ ရောက်ရှိစေရန်အတွက် အထောက်အပံ့ဖြစ်စေရန် နမူနာနည်းလမ်းများကို တင်ပြထားခြင်းဖြစ်ပါသည်။

NAMATI
INNOVATIONS IN LEGAL EMPOWERMENT
www.namati.org